

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
အမရပူရမြို့၌ဟောကြားတော်မူသောတရားတော်

# ဝိပဿနာခြံရံတဲ့အလုပ်သည်သာ
# အမြတ်ဆုံးအလုပ်

(၂၄၁)

ဟောကြားသည့်နေ့
၁၄-၁-၆၁

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
အမရပူရမြို့၌ ဟောကြားတော်မူအပ်သောတရားတော်
ဝိပဿနာခြံရံတဲ့ အလှူသည်သာ
အမြတ်ဆုံးအလှူ
(၁၄-၁-၆၁)

ကိုယ့်အကျိုးကိုယ်ကြည့်ပြီး သကာလ လျှောက်ကြတာ ပါပဲ...(မှန်ပါဘုရား)၊ ဘုန်းကြီးများကလည်း ဤကဲ့သို့ အပင်ပန်းခံပြီးသကာလ ပြောဆိုပြီး ဆုံးမနေတာလည်း ကိုယ့်အကျိုး က နည်းနည်း ဒကာ ဒကာမတွေအကျိုးက များများသည်ပိုးတယ် ဆိုတာ မှတ်ထားရမယ်...(မှန်လှပါဘုရား)။

ဤကဲ့သို့ မှတ်ပြီးသကာလဟောတော့ ကျန်းမာရေး၊ ချမ်းသာရေး ပြောဆိုနိုင်တဲ့ အရေးတွေပြည့်စုံလို့ရှိရင်ဖြင့် ဘုရား သခင်ကိုယ်တော်မြတ်ကြီးများလည်း သည်းခံကြတာပါပဲ။

ဘုန်းကြီးများလည်း ဒီအတိုင်းပါပဲ၊ ကျန်းမာချမ်းသာလို့ အကြောင်းညီညွတ်လို့ရှိရင် သည်းခံပြီးသားလို့ ရင်အေးအေးနဲ့ နေကြဖို့ပေါ့...(မှန်လှပါဘုရား)။

ဒီနေ့ ဒေါ်ခန့်တို့က စေတီဟောင်းတွေပြင်ပြီးသကာလ ထီးတွေ ဘာတွေတင်ပြီးသကာလ သံဃာတွေကို လက်ဖက်ရည် အချိုစသည်တို့ဖြင့် သီလရှင်တွေကို ဆန်အစရှိသည် အလုံးစုံ အကုန်လှူဒါန်းပြီးသကာလ နိဗ္ဗာန်ရည်မှန်းပြီး လှူဒါန်းတဲ့ ရေစက်ချပွဲက ယနေ့ပါနေတယ်လို့ အားလုံး ဒကာ ဒကာမတွေ မှတ်ပါ။

## မျက်စိမလည်တဲ့နည်း

အဲဒီရေစက်ချပွဲကိုလည်း အကြောင်းပြုပြီးသကာလ ပြောရဆိုရ၊ အကျိုးရှိသည်ထက်ရှိအောင် ဒီ ဒကာ ဒကာမတွေ လည်း မျက်စိလည်နေလို့ရှိရင်လည်း မျက်စိမလည်တဲ့နည်းကို ပြောရအောင်..(မှန်ပါ့ဘုရား)။

မျက်စိတည့်ပြီးပြီ ဆိုလို့ရှိရင်လည်း ဖြောင့်သည်ထက် ဖြောင့်အောင် ဒီလမ်းမြန်မြန်သွားဖို့၊ တိုက်တွန်းရမယ်... (မှန်လှပါ ဘုရား)။

အဲဒီဝတ္တရားရှိနေတဲ့အတွက် တရားနာတို့ ဒကာ ဒကာမတွေက ဩော်...ရေစက်ချတရားနာရမှာပါလားလို့ သည်းခံပြီး အောက်မေ့ကြပါ။

သို့သော် ဝိပဿနာဉာဏ်နဲ့တော့ဖြင့် ဒကာကြွယ်... မပါမပြီးဘူးလို့ မှတ်ထားပါ...(မှန်လှပါဘုရား)။ ကိုင်း... တရားစကြပါစို့...။

**အကောင်းဆုံးအလှူ**

ဘုရားသခင်ကိုယ်တော်မြတ်ကြီးသည် **"ဣဒံမေပုညံ အာသဝက္ခယံ ဝဟံ ဟောတု"** ဆိုတဲ့ အလှူဟာ အကောင်းဆုံးလို့ ပြောတယ်။

ဒီဘုရားဟောင်းတွေပြင်ပြီး ထီးတွေဘာတွေ တင်၊ ခတ်မီးတွေ ဘာတွေပူဇော်၊ သမံတလင်းတွေဘာတွေခင်း အမျိုးမျိုးဘုရားမှာ တင့်တင်ဖွယ်ရာလုပ်တာသည် အာသဝေါ တရားကုန်ချင်လို့ လုပ်တယ်လို့ အလှူရှင် ဒကာ ဒကာမတွေက မှတ်ရမယ်။

အာသဝေါတရားကုန်ချင်လို့ လုပ်တယ်ဆိုရင်ဖြင့် အာသဝေါ တရားက ဘယ်မှာကပ်နေလို့ ကုန်ရမှာလဲဆိုတဲ့မေးခွန်းက ဒကာသစ် ပေါ်လာတယ်...(ပေါ်လာပါတယ်ဘုရား)။

## အာသဝေါတရားကုန်ချင်လို့လှူတယ်

ရိုးရိုးပြောတော့ အာသဝေါတရား ကုန်ချင်လို့ လှူတယ်လို့ပြောတာပဲ။ အာသဝေါတရား ဘယ်ကပ်နေလို့ ဘယ်လိုခွာရမယ်ဆိုတာ မသိလို့ရှိရင်လည်း မခွာတတ်လို့ရှိရင်လည်း မကုန်ပေဘူးဆိုတဲ့ အဓိပ္ပာယ်က ရှင်းလင်းနေတော့တယ်။

ဒါကြောင့် အာသဝေါတရားက ဘယ်မှာကပ်နေတယ်ဆိုတာသိဖို့ ဆိုတော့ ဦးဘအုန်းတို့ အရေးမကြီးဘူးလား... (ကြီးပါတယ်)။

ဆိုတော့ ဆိုနေကြတာပဲ **ဣဒံ မေ ပုညံ။ မေ**–တပည့်တော်သည်၊ (ဝါ) တပည့်တော်၏။ **ဣဒံပုညံ**–ဤကောင်းမှုသည်၊ **အာသဝက္ခယံ**–အာသဝေါတရားလေးပါးတို့၏ **ကုန်ရာနိဗ္ဗာန်၊ အာသဝက္ခယံ**ဆိုတာ နိဗ္ဗာန်ပါပဲ။ **ဝဟံ**–ရွက်ဆောင်နိုင်သည်၊(ဝါ) ပို့နိုင်သည်၊ **ဟောတု**–ဖြစ်ပါစေသတည်းဆိုပြီး ဒေါ်ခန့်တို့ ဦးချမ်းတို့ လှူကြတာပါပဲ။

## အသံကောင်းလွှင့်ရုံနဲ့ မပြီးသေးဘူး

သို့သော် ပြောရုံကလေးနဲ့ ဒီအသံကောင်းကလေးလွှင့်ရုံကလေးနဲ့လည်း ဦးလှဘူးရေ...မပြီးသေးဘူး၊ မပြီးသေးပါဘူး ဒကာကြွယ်ရ...(မှန်လှပါဘုရား)။

မပြီးသေးပါဘူးတဲ့၊ အာသဝေါတရားက ဘယ်ကပ်နေလို့ ဘယ်လိုခွာရမယ်ဆိုတာ သိပြီးမှ ဒါ ခွာလိုက်မှသာလျှင် ဩော် …ဒါကုန်မှ နိဗ္ဗာန်ရောက်မှာပါလားဆိုတော့ ဒီအလှူသည် ဒါကုန်အောင်လုပ်တဲ့ အလှူဆိုတဲ့အဓိပ္ပာယ်ကို သက်ရောက်မှသာလျှင် အဖိုးတန်မှာပါပဲ။

အဲဒါကြောင့် ဒီရေစက်ချမျိုးကိုလည်း ဒကာ ဒကာမတွေ ထိုးထိုးထွင်းထွင်းသိရအောင် ဒကာသစ် ကြိုးစားနားထောင်မှပဲ။

ဒီ ဒကာ ဒကာမတွေ၊ လှူကြတန်းကြတဲ့ ဒကာ ဒကာမတွေ တရားအားထုတ်နေကြတဲ့ ဒကာ ဒကာမတွေ ခန္ဓာငါးပါး ရှိကြပါတယ်ဆိုတာ လူတိုင်းသိတယ်။

## အာသဝေါတရားဘယ်မှာစိုနေလဲ

ခန္ဓာငါးပါးရှိတယ်ဆိုတာ လူတိုင်းသိပြီးသကာလ နေတော့ ဩော်…အာသဝေါတရားက ဘယ်များကပ်ခိုနေလို့ ဒါကုန်အောင် လုပ်ရပါလိမ့်မလဲဆိုတဲ့ မေးခွန်းဟာ ထွက်လာတယ်။

အာသဝေါတရားက ဘယ်မှာမှမကပ်ဘူး ဒကာ ဒကာမ

တို့၊ ခန္ဓာကိုယ်ကပ်နေတာ၊ အာသဝေါတရား ဘယ်ကပ်နေသလဲ …(ခန္ဓာကိုယ်ကပ်နေပါတယ်ဘုရား)။

အဲဒီတော့ ခန္ဓာကိုယ်ကပ်နေတော့ ခန္ဓာကို မဖျက်ဆီးနိုင်လို့ရှိရင် ကပ်မြဲ ကပ်မှာပဲ၊ ခန္ဓာကို မဖျက်ဆီးနိုင်လို့ရှိရင်… (ကပ်မြဲကပ်မှာပါဘုရား)။ အဲဒါကြောင့် ဒကာ ဒကာမတွေ သေသေချာချာမှတ်ရမယ်။

ဘုရားတည်ထားကိုးကွယ် ပူဇော်တယ်ဆိုတာက အားလုံး ပူဇော်ကိုးကွယ်ကြဖို့ တည်ထားတာပဲ၊ ဦးချမ်းတို့၊ ဒေါ်ခန့်တို့က …(မှန်ပါ)၊ အဲဒီကဲ့သို့ တည်ထားကိုးကွယ်တယ်ဆိုတဲ့ဥစ္စာဟာ လည်း ဒါအဟောင်းပြင်တဲ့ ဒါနပဲ။

အဟောင်းပြင်တဲ့ ဒါနပဲဆိုရင် လွဲပါမလား…(မလွဲပါဘူး ဘုရား)၊ အဟောင်းပြင်တဲ့ ဒါနဆိုလို့ရှိရင်ဖြင့် အားလုံးသော ပုဂ္ဂိုလ်တို့ ကြည်ညိုဖွယ်ရှိအောင် မြတ်စွာဘုရားလည်း တင့်တယ် အောင်ဆိုပြီးသကာလ ဓာတ်မီးတွေလည်း လှူတာပဲ အင်္ဂတေနှင့် တကွ မွမ်းမံပြီးသကာလ အကုန်အကျခံပြီး လှူဒါန်းတာပဲ။

တကယ်သံဃာတွေလည်း ထိုက်တန်တာတွေလှူတာ၊ ဆရာသမားကိုလည်း ထို့အတူပဲ၊ လှူဒါန်းတာတွေဟာ ဒါနတွေ ချည်းပဲဆိုတော့ ဒကာ ဒကာမတွေ ဒီဒကာ ဒကာမတွေ လှူတဲ့ အလှူသည်ကားလို့ဆိုရင် အာသဝေါကုန်ချင်လို့လှူတဲ့အလှူ ဖြစ်ရမယ်။

## အာသဝေါတရားက ခန္ဓာမှာ ကပ်နေတယ်

အာသဝေါက ဘယ်ကပ်နေသတုံး...(ခန္ဓာ ကပ်နေပါတယ်ဘုရား)၊ ခန္ဓာမှာ အာသဝေါတရားလေးပါး ကပ်နေတယ်။

၁။ ကာမာသဝဆိုတဲ့ ဥစ္စာသည် ဒီခန္ဓာကိုယ်ကြီးကငါးပါးအာရုံ၊ ကာမဂုဏ်ဖြစ်တယ်။ ဒီခန္ဓာကိုယ်ကြီး ခင်နေလို့ရှိရင်ဒါ ကာမာသဝပဲ...(မှန်လှပါဘုရား။

၂။ ဒီခန္ဓာကိုယ်ကြီးနောက်ထပ် ရချင်တယ်ဆိုရင် ဒါဘဝါသဝ၊ ဒီခန္ဓာကိုယ်ကြီး ခင်နေရင်...(ကာမာသဝပါဘုရား)၊ ဒီခန္ဓာကိုယ်ကြီးမျိုးကို နောက်ထပ်ရချင်ပါတယ်ဆိုတော့...(ဘဝါသဝပါဘုရား)၊ ဘုံဘဝတောင့်တတာ ဘဝါသဝဖြစ်သွားတယ်။

၃။ ကဲ တစ်ခါစဉ်းစားပါဦး၊ ဒီခန္ဓာကိုယ်ကြီးကို ငါ့ကိုယ်ငါ့ဟာထင်နေလို့ရှိရင်လည်း ဒိဋ္ဌာသဝ၊ သဘောကျပြီလား...(ကျပါပြီ)၊ ဒီခန္ဓာကိုယ်ကြီး ငါ့ကိုယ်၊ ငါ့ဟာထင်နေရင် ...(ဒိဋ္ဌာဝသပါဘုရား)၊ ဒိဋ္ဌာသဝဖြစ်ပါတယ်တဲ့။

၄။ ဒီခန္ဓာကိုယ်ကြီးကို ဒုက္ခသစ္စာလို့ မသိပြန်ရင် **အဝိဇ္ဇာသဝ**...(မှန်လှပါဘုရား)၊ ဒါဖြင့် ဒီခန္ဓာကိုယ်ကြီးကိုပဲမှီနေတယ်...(မှန်ပါ့)။

## ဆရာကောင်းတွေ့မှ နေရာကျမှာ

အာသဝေါတရားလေးပါး ဘယ်ကပ်နေပါလိမ့်... (ခန္ဓာကပ်နေပါတယ်ဘုရား)၊ အဲဒီတော့ ဒကာ ဒကာမတွေ လှူတယ် တန်းတယ်၊ ပေးတယ်၊ ကမ်းတယ်ဆိုတာလည်း ဆရာကောင်း၊ သမားကောင်း၊ လမ်းညွှန်ကောင်းတွေ့မှ ဦးဘအုန်းရေ...နေရာကျမှာနော်...(ကျမှာပါဘုရား)။

ရော့...အင့်ပေးလိုက်ရုံနဲ့လည်း ကုသိုလ်မရဘူးလား ရပါရဲ့၊ အာသဝေါတရား အစစ်ကုန်သလားဆိုတော့ မကုန်ပေဘူး...(မှန်ပါ့ဘုရား)။

ဘယ်နေမှန်း မသိသောကြောင့် ဘယ်လိုဖြေရှင်းရမှန်း မသိတဲ့ အဓိပ္ပာယ်ရောက်နေတယ်။ မရောက်ပေဘူးလား... (ရောက်ပါတယ်ဘုရား)။

အဲဒါတွေ ဉာဏ်နဲ့ စဉ်းစားပြီးတော့မှ သြော်...ကလျာဏမိတ္တလမ်းကောင်းပြတဲ့ ပုဂ္ဂိုလ်အလွန်အရေးကြီးပါလား ဆိုတာပေါ်လာတယ်။

## အာသဝေါတရားလေးပါး

ဒါဖြင့် အာသဝေါတရား ယခုရှင်းပြပါတယ်။

၁။ ဒီခန္ဓာကိုယ်ကြီးကို ခင်နေလို့ရှိရင်လည်း ကာမာသဝ... (မှန်ပါ)။

၂။ ဒီခန္ဓာကိုယ်ကြီးမျိုး နောက်ထပ်ရချင်ရင်...(ဘဝါသဝ ပါဘုရား)။

၃။ ဒီခန္ဓာကိုယ်ကြီးကို ငါ့ကိုယ်ငါ့ဟာပဲ ထင်နေရင်... (ဒိဋ္ဌာသဝပါဘုရား)။

၄။ ဒီခန္ဓာကိုယ်ကြီးကို ဒုက္ခသစ္စာလို့မသိရင်...(အဝိဇ္ဇာ သဝါပါဘုရား)။

ဩော်...ဒါဖြင့် ဒီခန္ဓာကိုယ်ကြီးမှာ ဒကာ ဒကာမတို့ အာသဝေါတရားလေးပါး ခြံရံနေပါတယ်။ ဘယ်သူခြံရံနေပါလိမ့် ...(အာသဝေါတရားလေးပါးခြံရံနေပါတယ်ဘုရား)။

အဲဒီတော့ ခန္ဓာကိုယ်မှီနေတယ်၊ ခန္ဓကိုယ်မှာ သူရေ သောက်မြစ်တွယ်နေတယ်လို့ဆိုလို့ရှိရင် မလွဲပါဘူး...(မလွဲ ပါဘုရား)။ သူဘယ်မှာရေသောက်မြစ် တွယ်နေသလဲ...(ခန္ဓာ ကိုယ်မှာပါဘုရား)။

ဒါဖြင့် ခန္ဓာကိုယ်ကိုမှ ဒကာ ဒကာမတွေက ဝိပဿနာ ဦးစီးပြီးသကာလ ဒီခန္ဓာကိုယ်ကြီးကို မဖျက်ဘဲနဲ့ လှူလိုက်မယ် ဆိုလို့ရှိရင် သူက ကပ်မြဲကပ်မှာပဲ...(မှန်ပါ)။

ဒါဖြင့် ဒီခန္ဓာကိုယ်ကြီးကို ဖျက်ဆီးရလိမ့်မယ်ဆိုတဲ့ အဓိပ္ပာယ်ကော ရှင်းပလား...(ရှင်းပါပြီဘုရား)။

ဖျက်ဆီးရလိမ့်မယ်ဆိုတဲ့ အဓိပ္ပာယ်က တခြားမဟုတ်ပါဘူး၊ ဒကာ ဒကာမတို့ ဝိပဿနာခြံရုံရမယ်လို့ ပြောတာ။

အလျှုရှစ်မျိုးရှိတဲ့အနက်မှာ ဝိပဿနာခြံရုံတဲ့ ဒါနသည် သာလျှင် အမြတ်ဆုံးလို့ အင်္ဂုတ္တိုလ်ပါဠိတော်မှာ ကိုယ်တော်တိုင် ဟောထားတယ်...(မှန်လှပါဘုရား)။

## ဘာခြံရုံတဲ့ဒါနသည် အမြတ်ဆုံးလဲ

အလျှုရှင်ရှစ်မျိုးရှိရာတို့တွင် သမထ၊ ဝိပဿနာခြံရုံတဲ့ ဒါနသာလျှင် အမြတ်ဆုံးဒါန (ဝါ) နိဗ္ဗာန်ပို့ဆောင်နိုင်တဲ့ဒါန အစစ်ကေန်ဖြစ်တယ်။ အမြတ်ဆုံးပဲ ဆိုသဲဖြင့် သမထ ဝိပဿနာခြံရုံရမယ်ဆိုတဲ့ ဒါနကို သေသေချာချာမှတ်ကြပါ။

ဒါဖြင့် ဒကာ ဒကာမတွေလည်း လှူကြတန်းကြပေးကြကမ်းကြ၊ ဗုဒ္ဓဘာသာတွေဖြစ်ပြီး သကာလနေတော့ လုပ်ကြပါတယ်။ သမထဝိပဿနာဆိုတာ ခြံရုံလို့ရှိရင်ဖြင့် အလှူရှစ်မျိုးထဲမှာ အမြတ်ဆုံးအလှူမဖြစ်နိုင်ဘူးလား ... (မှန်လှပါဘုရား)၊ သဘောပါပြီလား ... (ပါပါတယ်ဘုရား)။

## အလှူမှာ ဘာခြံရံရမလဲ

ဒါဖြင့် အလှူမှာ ဘာခြံရံရမယ်ဆိုတာ သဘောကျပလား ...(ကျပါပြီဘုရား)။ ဘာခြံရံရမလဲ...(သမထဝိပဿနာခြံရံရ မယ်ဘုရား)။ သမထဝိပဿနာအခြံအရံရှိရမယ်။ ဉာဏ်နဲ့ အခြံအရံ ရှိရမယ်ဆိုတာ အသေအချာမှတ်ပါ...(မှန်ပါ)။

အဲ ဘာအခြံအရံရှိရမယ်... (သမထဝိပဿနာခြံရံရှိရပါ မယ်ဘုရား)၊ အဲဒီတော့ ဒီခန္ဓာကိုယ်ကြီးကို ဒကာ ဒကာမတွေက ဝိပဿနာရှုရလိမ့်မယ်...(မှန်ပါ)။ ခန္ဓာငါးပါးဘာလုပ်ကြရမယ်... (ဝိပဿနာရှုရပါမယ်ဘုရား)။

ဝိပဿနာ ရှုလိုက်တဲ့အခါကျလို့ရှိရင်ဖြင့်တဲ့ ဒီခန္ဓာကိုယ် ကြီးမှာ အဖြစ်အပျက်အနိစ္စတွေ သင်္ခါရသည် အနိစ္စလမ်းဆုံး တယ်ဆိုတာ သိပြီ။

အဲဒီတော့ သင်္ခါရသည်ကားဆိုလို့ရှိရင်ဖြင့် ပြုပြင်တာက သင်္ခါရ၊ ပျက်စီးတာက ... (အနိစ္စပါဘုရား)။ ပြုပြင်တာက ...(သင်္ခါရ)၊ ပျက်စီးတာက ...(အနိစ္စ)။

## ကံ၊ စိတ်၊ ဥတု၊ အာဟာရ က ပြုပြင်တာ

ဒါဖြင့် ဒီခန္ဓာကိုယ်ကြီးက မအေက မွေးလာသလား၊

ပြုပြင်တတ်တဲ့ တရားတွေက ပြုပြင်လို့ ပေါ်လာတာလားလို့ မေးတဲ့အခါကျလို့ရှိရင် ဟောဒီရူပက္ခန္ဓာက ကံ၊ စိတ်၊ ဥတု၊ အာဟာရက ပြုပြင်တာ…(မှန်လှပါဘုရား)။

ပြုပြင်လို့ပေါ်လာခြင်းကြောင့် သူ့ကို သင်္ခါရတရားလို့ မှတ်ပါ…(မှန်လှပါဘုရား)။ သဘောကျပလား…(ကျပါပြီဘုရား)။

## အာရုံ၊ ဒွါရကပြုပြင်တာ

ဒီဘက်က နာမက္ခန္ဓာလေးပါးဆိုတဲ့ နာမ်တရားတွေက အာရုံဒွါရက ပြုပြင်လို့ပေါ်လာတာ…(မှန်လှပါဘုရား)။ ဒါဖြင့် သူလည်း သင်္ခါရတရား…(မှန်လှပါဘုရား)။

ရူပက္ခန္ဓာက ကံ၊ စိတ်၊ ဥတု၊ အာဟာရဆိုတဲ့အကြောင်းတရားလေးပါးက ပြုပြင်လို့ပေါ်တဲ့ အခိုက်အတန့်မှာ သင်္ခါရလို့ မှတ်လိုက်ပါ။ သဘောကျပလား…(ကျပါပြီ)။ ဒီနာမက္ခန္ဓာလေးပါးက အာရုံနဲ့ မျက်လုံးနဲ့၊ ဟိုဘက်က အာရုံနဲ့ မျက်လုံးနဲ့ တိုက်မှ မြင်စိတ်ဆိုတဲ့ နာမက္ခန္ဓာလေးပါးပေါ်တယ်။

ကြားစိတ်ဆိုတဲ့ နာမက္ခန္ဓာလေးပါး၊ ကြံစိတ်ဆိုတဲ့ နာမက္ခန္ဓာလေးပါး၊ သူတို့က အာရုံနဲ့ သူ့ဒွါရနဲ့ ပြန်တိုက်မှ နှစ်ခုတိုက်မှ ပေါ်တာကို…(မှန်ပါ့ဘုရား)။

## လက်ခုပ်သံ

ဥပမာ၊ ဒီလက်ဖဝါးနှစ်ခုယှဉ်ပြီးသကာလ ရိုက်လိုက်ကြ တဲ့အခါကျတော့ကို လက်ခုပ်သံထွက်လာတယ်ဆိုတာ မရှိဘူး လား…(ရှိပါတယ်ဘုရား)။

ထို့အတူပဲတဲ့၊ ဟိုကအာရုံနဲ့ ဒီကခန္ဓာကိုယ်ထဲမှာ မျက်လုံး အကြည်၊ နားအကြည်တို့နဲ့ တည့်ပြီးတိုက်လိုက်မှသာလျှင် နာမက္ခန္ဓာလေးပါးက ပေါ်နိုင်တယ်…(ပေါ်နိုင်ပါတယ်ဘုရား)။

ဒါဖြင့် ဒီတရားတွေကို ပေါင်းစုံဖော်တော့ သူလည်း သူများပြုပြင်လို့ပေါ်သောကြောင့် သူ့ဘာခေါ်ကြမယ်… (သင်္ခါရ တရားပါဘုရား)၊ သင်္ခါရတရား။

## ပြုပြင်လို့ပေါ်လာတဲ့တရားသင်္ခါရ

ဒီနာမက္ခန္ဓာလေးပါးကလည်း ခုနက အာရုံဒွါရနှစ်ခုက ပြုပြင်မှပေါ်ခြင်းကြောင့် သူ့ဘာခေါ်ကြမယ်…(သင်္ခါရတရားပါ ဘုရား)၊ ဩော်…ဒါဖြင့် ဒကာ ဒကာမတို့ "သဗ္ဗေ သင်္ခါရာ" ဖြစ်သွားပြီ…(မှန်လှပါဘုရား)၊ သဗ္ဗေ သင်္ခါရာဖြစ်ပါပြီ ဒကာ ဒကာမတို့…(မှန်လှပါဘုရား)။

သဗ္ဗေ–အလုံးစုံသောဆိုတော့ သူတို့ပေါ့ဗျာ…(မှန်ပါ)၊

ဒီတရားတွေသည်ကားလို့ဆိုလို့ရှိရင်တဲ့ သင်္ခါရတရားတွေ ဖြစ်နေတယ်၊ ဒါဖြင့် သင်္ခါရတရားတွေကို ဒကာ ဒကာမတွေက သိပြီးသကာလနေတော့ သင်္ခါရတရားသည် ဒကာ ဒကာမတို့ သိပြီးသားအတိုင်း သဘ္ဘေ သင်္ခါရာဘယ်လမ်းဆုံးသလဲ... (အနိစ္စလမ်းဆုံးပါတယ်ဘုရား)။

ဩော်...သင်္ခါရတရား အနိစ္စလမ်းဆုံးတယ်ဆိုတော့ ခန္ဓာကိုယ်ကြီးဟာ အနိစ္စကြီး အနိစ္စလမ်းဆုံး ဆုံးနေပါလား... (မှန်လှပါဘုရား)၊ ခန္ဓာကိုယ်ကြီးဟာ...(အနိစ္စလမ်းဆုံးနေပါတယ်ဘုရား)၊ အနိစ္စပဲလမ်းဆုံးနေတယ်ဆိုတာ ကျေနပ်ကြပလား... (ကျေနပ်ပါတယ်ဘုရား)။

## သင်္ခါရတရား ဘယ်လမ်းဆုံးသလဲ

ဩော်...ဒါဖြင့် ဘယ့်နှယ်ကြောင့် အနိစ္စလမ်းဆုံးရပါလိမ့်မတုံးမေးတော့ ဒကာကြွယ်တို့ ဦးလှဘူးတို့ မပေါ်သေးဘူးလား...(ပေါ်ပါတယ်ဘုရား)၊ သင်္ခါရတရားမို့ဘုရား...(မှန်ပါ့)၊ ဘယ်လိုပေါ်လာပါလိမ့်...(သင်္ခါရတရားမို့ပါဘုရား)။

သင်္ခါရတရားမို့ ဘယ်လမ်းဆုံးလဲ...(အနိစ္စလမ်းဆုံးပါတယ်ဘုရား)၊ ဒါဖြင့် ကျုပ်တို့ တစ်သံသရာလုံး နေခဲ့တဲ့ ခန္ဓာကိုယ်ကြီးဟာ သင်္ခါရတရားက ပြုပြင်လိုက်၊ အနိစ္စတရားက ဖျက်ချလိုက်...(မှန်လှပါဘုရား)။

# ခြတောင်ဘို့

သင်္ခါရတရားက...(ပြုပြင်ပါတယ်)၊ အနိစ္စဆိုတဲ့တရားက ....(ဖျက်ချပါတယ်)၊ ဒါဖြင့် ကျုပ်တို့ဟာ တောင်ဘို့ တောင်ဘို့ ဖြစ်အောင် ညမှာခြတွေကလုပ်၊ နေ့လည်ကျတော့ ဖွတ်ကောင်တွေက ဖျက်ချနေတော့ ဒီတောင်ဘို့သည်ကား ဖြစ်လိုက်ပျက်လိုက်ပဲ နေမှာပဲ...(မှန်လှပါဘုရား)။

ထို့အတူပဲ ခန္ဓာကိုယ်ကြီးမှာ နဂိုကဖြစ်ပျက်ပဲရှိတယ်၊ ယောက်ျား၊ မိန်းမ, မရှိဘူး၊ ခန္ဓာကိုယ်ကြီးမှာ ဘာရှိပါလိမ့်... (ဖြစ်ပျက်ပဲရှိပါတယ်ဘုရား)၊ ယောက်ျား၊ မိန်းမ, မရှိပါဘူးဆိုတာ မသေချာလား...(သေချာပါတယ်ဘုရား)။

အေး သေချာတော့ ဦးချမ်းတို့ ဒေါ်ခန့်တို့က အသေအချာ မှတ်ပါ ကိုယ့်အရေးဟာ ဒီနေရာမှာ အတော်ကြီးနေတယ်ဆိုတာ မှတ်ပါ။

ကောင်းပြီ၊ ဒါဖြင့် သင်္ခါရတရားဘယ်လမ်းဆုံး ... (အနိစ္စလမ်းဆုံးပါတယ်ဘုရား)၊ အဲဒါကို "သဗ္ဗေ သင်္ခါရာ"ဆိုရင် ဒီနှစ်ခုဆိုသည် အောက်မေ့လိုက်တော့...(မှန်လှပါဘုရား)၊ အနိစ္စ ဆိုရင် ဒီနှစ်ခုမရှိတာကိုဆိုတာ။

## အနိစ္စခန္ဓာကိုယ်ကြီး

"သင္ခ သင်္ခါရာ"ဆိုရင် ဒီနှစ်ခုပေါ်လာတာကိုဆိုတာ၊ အနိစ္စ ဆိုတာက မရှိတာကိုဆိုတာ၊ ဒါဖြင့် တော်တော်နေရာကျပြီ၊ ဪ...တို့ခန္ဓာကြီးဟာ ဟိုတုန်းက ခန္ဓာကြီးဟာ "သင္ခ သင်္ခါရာ" ခန္ဓာကိုယ်ကြီးဟာ ခုအခါမှာ မရှိတော့ဘူး၊ ဪ...အနိစ္စခန္ဓာ ကိုယ်ကြီးပါလား။

ဟိုမှာ ကျောင်းမှာ သံဃာတွေ ကော်ဖီတွေ ဘာတွေ တိုက်တုန်းက သီလရှင်တွေ တိုက်တုန်းက ဆွမ်းဆန်တွေ လောင်းတုန်းက သင်္ခါရခန္ဓာကိုယ်ကြီးဟာ အနိစ္စမှာ လမ်းဆုံး ခဲ့လို့ အခုရှိသေးရဲ့လား ... (မရှိတော့ပါဘုရား)၊ မရှိတော့ ဘူးဆိုတာ သိနေကြပြီ ... (သိပါပြီဘုရား)။

## ပညာဖြင့်ရှုလိုက်ပါ

အဲဒါလေးကို ဘုရားသခင်ကိုယ်တော်မြတ်ကြီးက မင်းတို့ကွာ အာသဝေါတရား ကုန်ချင်လို့ရှိရင် **ယဒါ**-အကြင်မရှိ သောအခါ၌၊ **ပညာယ**-ပညာဖြင့်၊ **ပဿတိ**-ရှုလိုက်ပါ။

ဒီသင်္ခါရတရားကြီးပျက်တာ၊ အနိစ္စရောက်တာကို၊ မင်းတို့ ပညာနဲ့ကြည့်လိုက်ပါ၊ သဘောကျပလား...(ကျပါပြီ)။

ပညာနဲ့ကြည့်လိုက်တော့ ရုပ်ကလေးတွေကလည်း

ငြိမ်လိုက်လှုပ်လိုက်၊ ငြိမ်လိုက်၊ လှုပ်လိုက်ဆိုတော့ ငြိမ်တဲ့ရုပ်ကလည်း ငြိမ်းပြီးချုပ်သွားတာပဲ၊ လှုပ်တဲ့ရုပ်ကလည်း အသစ်အစားထိုးလာတာပဲ၊ သင်္ခါရကပြုပြင်လို့ အစားထိုးလာတယ်။ ဒီအတိုင်းမနေဘူးလား...(နေပါတယ်ဘုရား)။

ဩော်...ဒါဖြင့် ဒေါ်ခန့်တို့ ဦးချမ်းတို့သည် အားလုံးတရားနာ ဒကာဒကာမတွေ၊ အိမ်ကလာတဲ့ ရုပ်တွေ၊ နာမ်တွေရှိသေးရဲ့လား...(မရှိတော့ပါဘုရား)။

## ယခုဘာနဲ့ တရားနာနေသလဲ

ဘယ်လိုကြောင့် မရှိပါလိမ့်မလဲမေးတဲ့အခါကျတော့ သင်္ခါရတရားမို့ဘုရား၊ အနိစ္စလမ်းဆုံးခဲ့တယ်၊ ယခု ဘာနဲ့ တရားနာနေသတုံး၊ သင်္ခါရတရားနဲ့ တရားနာနေတာဘုရာ့... (မှန်လှပါဘုရား)၊ ယခု ဘာနဲ့ တရားနာနေလဲ...(သင်္ခါရတရားနဲ့ နာနေပါတယ်ဘုရား)။

ဒီတရားကကော ဘယ်လမ်းဆုံးမှာလဲ...(အနိစ္စ လမ်းဆုံးမှာပါဘုရား)၊ ဩော်... ဒါဖြင့် တရားနာရင်းလဲ အခု လျှောက်ကြတယ်၊ လျှောက်တဲ့ အသံကလေးက ချုပ်သွားပြန်ပြီ၊ နောက်တစ်ခါ အားထုတ်တဲ့ အသံက ပေါ်ရပြန်ပြီ... (မှန်ပါ)။

ဒါဖြင့် ဘာနဲ့ တရားနာနေကြသတုံး...(သင်္ခါရတရားနဲ့

တရားနာနေပါတယ်ဘုရား)။ သင်္ခါရတရားနဲ့ တရားနာကြတာ၊ အတော်ကြာကြာနာနိုင်သလား၊ ခဏပဲပျက်တာပဲလား... (ခဏပဲ ပျက်ပါတယ်ဘုရား)။

## ပညာနဲ့ကြည့်ပေး

အဲဒီကဲ့သို့ **ယဒါ** - အကြင်အခါ၌ သင်္ခါရတရား ပျက်သောအခါ၌၊ **ပညာယ**-ပညာနဲ့၊ ဝါ-ပညာဖြင့်၊ **ပဿတိ**-ကြည့်ပေးပါ၊ ပညာနဲ့ကြည့်ပေးတဲ့နော်...(မှန်ပါ့)၊ ပကတိ မျက်လုံးနဲ့တော့ မကြည့်လိုက်ပါနဲ့တဲ့၊ သင်္ခါရတရားပျက်တာ ဘယ်နည်းနဲ့မှ မမြင်နိုင်ဘူး...(မှန်လှပါဘုရား)။

သင်္ခါရတရားပျက်တာ မြင်နိုင်ကြရဲ့လား...(မမြင်နိုင် ပါဘုရား)၊ **ယဒါ**-အကြင်အခါ၌၊ **ပညာယ**-ပညာနဲ့၊ ဝါ-ပညာဖြင့် **ပဿတိ**-ကြည့်ပေးပါ၊ ဘာနဲ့ကြည့်ရမလဲ...(ပညာနဲ့ကြည့်ရ ပါမယ်ဘုရား)။

## ဖြစ်လိုက်ပျက်လိုက်

ပညာနဲ့ ကြည့်လိုက်တော့ သင်္ခါရတရားတွေ ဘယ့်နှယ် ဖြစ်နေလဲ...(ပျက်နေပါတယ်ဘုရား)၊ ဖြစ်လိုက် ပျက်လိုက်၊ ဖြစ်လိုက် ပျက်လိုက် ဒီလိုမနေဘူးလား...(နေပါတယ်ဘုရား)။

ဩော်...ဖြစ်လိုက် ပျက်လိုက်၊ ဖြစ်လိုက် ပျက်လိုက်

နေတော့၊ ဒကာ ဒကာမတွေက ဖြစ်လိုက် ပျက်လိုက်၊ ဖြစ်လိုက် ပျက်လိုက်နေတော့၊ ဒီက ကာမာသဝက ဒီဖြစ်ပျက်ကြီးတော့ မလိုချင်ဘူးဆိုတော့ **ဒီကာမာသဝ** ကုန်သွားတယ်။ မကုန်ဘူး လား..(ကုန်ပါတယ်ဘုရား)။

နောက်ဘဝလည်း ဒီသခ်ါရတရား ဒီလိုဖြစ်ပျက်နေဦးမှာပဲ ဆိုတော့ ဘဝါသဝကော ... (ကုန်ပါတယ်ဘုရား)။

ဒီဟာကြီးဟာ ဖြစ်ပျက်နေတာပဲဆိုသဖြင့် ငါ့ကိုယ်၊ ငါ့ဟာ ဟုတ်သေးရဲ့လား...(မဟုတ်ပါဘုရား)။ အဲဒီ **ဒိဋ္ဌာသဝ** ဟာ ယခုအသိနဲ့ပဲ ကုန်သွားတယ်...(မှန်လှပါဘုရား)။

## ပျက်နေတာဒုက္ခသစ္စာ

ဖြစ်ပျက်နေတာသည် ဘာသစ္စာတုံးမေးလိုက်တယ် ...(ဒုက္ခသစ္စာပါဘုရား)၊ ဩော် ဒုက္ခသစ္စာသိတဲ့နောက် အဝိဇ္ဇာသဝ ကကော...(ကုန်ပါတယ်ဘုရား)။

အတော်အဖိုးတန်တယ် ဦးဘအောင်ရေ ...အတော် အဖိုးတန်သွားပြီ ... (တန်ပါတယ်ဘုရား) ဒကာကြွယ်ရေ... အင်မတန်အဖိုးတန်သွားပြီနော်...အဲဒီတော့ ဩော်... အာသဝေါ တရားကုန်ဆိုတဲ့ ဥစ္စာ ငါတို့သည်ကားလို့ဆိုလို့ရှိရင်ဖြင့် ပညာနဲ့ ခန္ဓာကြည့်တော့မှ အာသဝေါတရားကုန်တယ်...(မှန်ပါဘုရား)။

# ကလေးတွေသင်သလို သင်နေတာနော်

ပညာနဲ့ ခန္ဓာကြည့်လိုက်တော့...(အာသဝေါတရား ကုန်ပါတယ်ဘုရား)၊ သေသေချာချာမှတ်ကြပါ ဒကာ ဒကာမတို့၊ ကလေးတွေသင်သလို သင်နေတာနော်...(မှန်လှပါဘုရား)။

ဒီတရားက သူ့ **ကံ၊ စိတ်၊ ဥတု၊ အာဟာရ** က လုပ်လိုက်လို့ ဖြစ်ပေါ်လာတာ၊ သူက အာရုံဒွါရက လုပ်လိုက်လို့ နာမ်ကန္ဒာလေးပါးက ပေါ်တာ...(မှန်ပါ့)။

ဖြစ်ပေါ်တဲ့ အခိုက်အတန့်ဘာခေါ်ကြမယ်... (သင်္ခါရပါဘုရား)၊ ပြုပြင်ပေမယ့်လည်း သူ့မှာ ဇာတိ၊ ဇရာ၊ မရဏက ပါလာတော့ ပျက်၊ ပျက်သွားရတယ်၊ မပျက်ရဘူးလား... (ပျက်ရပါတယ်ဘုရား)။

ပျက်သွားတော့ကို ဖြစ်ပေါ်လိုက် ပျက်လိုက်၊ ဖြစ်ပေါ်လိုက် ပျက်လိုက် ဒါနဲ့ပဲ အချိန်ကုန်နေတော့ ဒကာ ဒကာမတို့ ဒီဥစ္စာသည်ကားလို့ဆိုရင်ဖြင့် သိပြီးသားအတိုင်းပဲ၊ အနိစ္စဆိုလည်း သူပဲ၊ ဖြစ်ပြီးပျက်ရတဲ့ဒုက္ခဆိုလည်း သူပဲ...(မှန်လှပါဘုရား)။

မဖြစ်ပါ၊ မပျက်ပါစေနဲ့လို့ တောင့်တကြောင့်ကြလို့ကော ရရဲ့လား..(မရပါဘုရား)၊ မရသောကြောင့် အနတ္တပဲ... (မှန်လှပါဘုရား)။

## သေမလို့ပေါ်လာတဲ့အနာ

ဖြစ်ရတာကလည်း ဒကာ ဒကာမတို့ ဒုက္ခသစ္စာပေါ်လာတာပဲ...(မှန်ပါ)၊ ပျက်ရတာလည်း...(ဒုက္ခသစ္စာပေါ်လာတာပါဘုရား)၊ အဲဒါကျတော့ ဒီလိုရှင်းလိုက်တာပေါ့၊ သေမလို့ပေါ်လာတဲ့အနာနဲ့၊ ဒီအနာနဲ့ သေသွားတာနဲ့၊ တွက်လိုက်တာပေါ့... (မှန်လှပါဘုရား)။

သေမလို့ဖြစ်တဲ့အနာကိုလည်း ဒုက္ခထဲသွင်းမလား သုခထဲသွင်းမလား...(ဒုက္ခထဲသွင်းမှာပါဘုရား)၊ ရှင်တော့ ရှင်နေသေးတယ် မသေသေးပါဘူး၊ သို့သော် သေဖို့ရာသေနာ ပေါ်လာပြီဆိုတော့ သေဖို့ရာ အနာပေါ်လာပြီဆိုတော့ အားလုံးက စဉ်းစားကြည့်ပါ။ ဒါဟာ အကြိုးတတ်ဖြစ်နိုင် မဖြစ်နိုင်...(မဖြစ်နိုင်ပါဘုရား)။

ဘာပြုလို့တုံး သေဖို့ရာ အနာပေါ်လာပြီကိုး သေဖို့ရာ အနာပေါ်လာတာ ဘယ်သူ့ဝမ်းသာစရာရှိသတုံး..(မရှိပါဘုရား)၊ ဒါဖြင့် သူလည်း ဒုက္ခသစ္စာပဲ...(မှန်လှပါဘုရား)။

## ဒုက္ခသစ္စာ

နောက်တစ်ခါ ကိုယ့်ရှေ့တွင်ပဲ ဉာဏ်နဲ့ကြည့်လိုက်တော့ သေသွားပြန်တော့လည်း ဘာသစ္စာလဲ...(ဒုက္ခသစ္စာပါဘုရား)။

ဒါဖြင့် ဖြစ်ပေါ်လာက သေနာပေါ်တာပဲ၊ ပျက်တာသည့် သေတာပဲဆိုတာ သဘောကျပလား...(ကျပါပြီဘုရား)၊ အဲဒီ ဖြစ်ပျက်ဒုက္ခသစ္စာကြီးကို မြင်ပြီးသကာလ ဒီဒုက္ခသစ္စာကြီးမှ လွတ်ချင် ကျွတ်ချင်၊ ရွံခြင်း၊ မုန်းခြင်း၊ ပျင်းရိခြင်း ရှိသည်ဖြစ်ပါ၍ ဤစေတီတည်ထားပြီး အများကိုးကွယ်ရန်၊ မိမိကိုးကွယ်ရန်၊ အများကိုးကွယ်ရန်ကိုး...(မှန်ပါ့)။

ဒီဖြစ်ပျက် ဒုက္ခသစ္စာကြီးကို အမှန်မြင်ပြီး ဒါလွတ်ချင်လို့ တပည့်တော်တို့ တည်ထားကိုးကွယ်ပါတယ်လို့ စိတ်ပြောင်းပစ်ရမယ်...(မှန်ပါ့ဘုရား)၊ ဒါ အာသဝေါကုန်တယ်၊ အာသဝေါကုန်တဲ့ သဘောနဲ့ ကြပ်ကြပ် မှတ်ကြစမ်းပါ။

## ဒါဝိပဿနာအစစ်

ဒကာ ဒကာမတွေက ဒေါ်ခန့်တို့၊ ဦးချမ်းတို့အကြောင်း ပြုပြီးသကာလ ဒီတရားပေါ်လာတာ၊ နို့မို့ဆိုရင် ဝိပဿနာ ဆက်ပြီး ဟောဖို့ပါပဲ၊ သို့သော် ဒါဝိပဿနာအစစ်...(မှန်လှပါဘုရား)၊ သဘောကျပလား...(ကျပါပြီဘုရား)။

ဒါဖြင့် အာသဝေါတရားကုန်ရာ နိဗ္ဗာန်၊ အာသဝေါ တရားကုန်ရာဆိုတာ နိဗ္ဗာန်ပဲ၊ အာသဝေါတရားကုန်ရာဆိုတာ ...(နိဗ္ဗာန်ပါဘုရား)၊ နိဗ္ဗာန်ပဲဆိုတော့ အခုခန္ဓာကိုယ်ကို ယဒါ

ပညာယ ပဿတိနဲ့ အနိစ္စက၊ သဗ္ဗေ သင်္ခါရာ အနိစ္စာကို သင်္ခါရ တရားအနိစ္စလမ်းဆုံးတယ်။

အဲဒါပညာနဲ့ကြည့်လိုက်တော့ အာသဝေါကုန်တယ်၊ သဗ္ဗေ သင်္ခါရာ အနိစ္စာကို ဘာနဲ့ကြည့်ကြမလဲ...(ပညာနဲ့ကြည့် ရပါမယ်ဘုရား)၊ ပညာနဲ့ကြည့်လိုက်တဲ့အတွက် ဘာကုန်သွား သလဲ...(အာသဝေါကုန်ပါတယ်ဘုရား)။

## ပါးစပ်နဲ့ ကုန်ချင်နေတာ

ဩော်...ဒါဖြင့် ပါးစပ်နဲ့လိုချင်တာ၊ အာသဝေါတရား ကုန်ရပါလို၏ဆိုတော့ မကြည့်ရင်တော့ မကုန်ပါဘူး ပညာနဲ့ မကြည့်ရင်...(မကုန်ပါဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ ပညာနဲ့ကြည့်မှသာလျှင် ကုန် မယ်ဆိုတော့ ဒါကြီးကုန်ချင်လို့ တပည့်တော်တို့ ဒီဘုရားကို တည်ထားကိုးကွယ်ပါ၏။ ဒီဆွမ်းတွေကို သီလရှင်နှင့်တကွ အလုံးစုံ ယောဂီတို့အား လှူဒါန်းပါ၏။

အင်း...ဒီသံဃာများကိုလည်း ထိုက်တန်တဲ့ အလှူ အတန်းတွေ လှူဒါန်းပါ၏ဆိုတဲ့ဥစ္စာ ဘာလိုချင်လို့တုံးဆိုတော့ ဒါကုန်ချင်လို့...(မှန်လှပါဘုရား)။

## သိတဲ့ဉာဏ်မရှိဘဲနဲ့ မကုန်ဘူး

ဒါကုန်ချင်လို့ဆိုတော့ ဒကာ ဒကာမတွေ ဒီဟာကိုသိတဲ့ ဉာဏ်မရှိဘဲနဲ့လည်း မကုန်ဘူး..(မကုန်ပါဘူးဘုရား)။

ဟောဒီ အဲဒီသိတဲ့ဉာဏ်နဲ့ တပည့်တော်တို့သည် ဒီခန္ဓာ သင်္ခါရတရားဖြစ်ပျက်တာကို အမှန်ကန်မြင်ပြီးသကာလနေသော ကြောင့် အာသဝေါတရားကုန်တဲ့ အာသဝေါတရားကုန်ရာဖြစ်တဲ့ အာသဝေါတရားကုန်ရာဆိုတာ ဒကာ ဒကာမတို့ နိဗ္ဗာန်ပဲ... (မှန်လှပါဘုရား)။

အာသဝေါတရားကုန်ရာဆိုတာ...(နိဗ္ဗာန်ပါဘုရား)။ နိဗ္ဗာန်ပဲဆိုတာ သေချာပလား...(သေချာပါပြီဘုရား)။

ဒါဖြင့် အာသဝေါတရားကုန်ရာ နိဗ္ဗာန်ကို ရောက်ရပါလို၏ ဆိုတဲ့ဥစ္စာသည် ရောက်ရပါလို၏ဆိုလို့ ဘယ်သူမှ ပို့မှာ မဟုတ်ဘူး ဒကာ ဒကာမတို့...(မှန်လှပါဘုရား)။

## ဒီဉာဏ်ကမှ နိဗ္ဗာန်ကိုပို့မှာ

ဟောဒီဉာဏ်အမြင်ရတဲ့ပုဂ္ဂိုလ်မှ ဒီဉာဏ်ကပို့မှာ...(မှန်လှပါဘုရား)။ ဒါအသေအချာစဉ်းစားပါ။ ဒီစကား အင်မတန် အရေးကြီးတယ်။ ကုန်ရာရောက်ရပါလို၏ဆိုတော့ ဉာဏ်ကမပါ တော့ ပို့မယ့်ကူးတို့က မရှိတော့ ပို့မယ့်မဂ္ဂင်က မရှိတော့ ဒကာသစ်

ပဲ စဉ်းစားကြည့်ပါတဲ့၊ ကိုယ့်သန္တာန်ဒီမဂ္ဂင်က မပေါ်လာဘူးလား... (မှန်ပါ)။

အင်း ပို့မယ့်တရားရှိသေးရဲ့လား...(မရှိပါဘူးဘုရား)၊ အပြောသာရှိမှာပဲ၊ ပို့မယ့်တရားကိုယ့်သန္တာန်မပေါ်လာဘူး... (မှန်လှပါဘုရား)။ သဘောကျပလား...(ကျပါပြီ)။

## ရမ်းပြော၊ မှန်းပြော မဟုတ်ဘူး

ဒါဖြင့် ကိုယ့်သန္တာန် ယခု ခန္ဓာကြီး ပြန်ပြီးသကာလကြည့်လိုက်တော့ သင်္ခါရတရားတွေ ပျက်တာ၊ ပျက်တာ၊ တဖျပ်ဖျပ်ပျက်နေတာမြင်တော့မှ အဲဒီအာသဝေါတရားက မြင်လိုက်သည်နဲ့တစ်ပြိုင်နက်တည်း ဒီအာသဝေါတရားတွေက ဒကာအုန်းရှိသေးရဲ့လား...(မရှိပါဘုရား)။

မရှိတော့ ဟောဒီ အာသဝေါကုန်ရာကို တပည့်တော်ရောက်ရပါလို၏ဆိုတော့ ကိုယ့်မှန်းခြေသိတယ်၊ သဘောကျပလား...(ကျပါပြီဘုရား)။

မှန်းခြေက သူများပြောနဲ့ ရမ်းမှန်းတာလားလို့ မေးလိုက်တဲ့အခါကျတော့ ရမ်းမှန်းတာမဟုတ်ဘူး၊ ကိုယ့်သန္တာန်မှာကိုဒီအနိုက်အတန့်မရှိတဲ့အတွက် သူတို့မရှိရင် ချမ်းသာနေတာကိုး ... (မှန်ပါဘုရား)။

## ဒီလေးခုကုန်ရာ၊ ရောက်ရပါလို၏

၁။ ကာမာသဝ ဆိုတဲ့ လောဘမရှိလို့ရှိရင် ဘယ်မှ ပြေးချင်လွှားချင်တဲ့စိတ်မရှိဘူး။

၂။ ဘဝါသဝ ဆိုတဲ့ လောဘဘုံ၊ ဘုံဘဝတောင့်တတဲ့ လောဘမရှိဘူးဆိုလို့ရှိရင်လဲ ဘာမှ ပျာယာခတ်စရာ မလို တော့ဘူး...(မှန်လှပါဘုရား)။

၃။ ဒိဋ္ဌာသဝ ဆိုတာလည်း ဒီခန္ဓာကြီးဟာ သခ်ီရတရား ပျက်တာမြင်သဖြင့်လည်း ဒိဋ္ဌာသဝကရှိသေးရဲ့လား...(မရှိပါ ဘုရား)။ ငါ့ကိုယ်၊ ငါ့ဟာဟုတ်သေးရဲ့လား...(မဟုတ်ပါဘူး ဘုရား)။

၄။ အဲ သခ်ီရတရားပျက်နေတာဟာ ဖြစ်ဒုက္ခ ပျက်ဒုက္ခ ပဲလို့ ခုနဟာဟောလို့ရှိရင် ဒုက္ခသစ္စာသိတဲ့၊ မသိတာက အဝိဇ္ဇာ ကိုသိတော့ အဝိဇ္ဇာသဝကလည်း ချုပ်တယ်၊ မချုပ်ဘူးလား... (ချုပ်ပါတယ်)။

အဲဒီတော့ တပည့်တော်တို့ ဟောဒီလေးခုကုန်တဲ့ နေရာကိုရောက်ရပါလို၏ဆိုတော့ ဟောဒီမီးတွေ ငြိမ်းရပါလို၏ လို့ပြောတာ...(မှန်လှပါဘုရား)။

ရတာ ဒကာ ဒကာမတို့ ဟောဒီနှစ်ခုက ရာဂမီး၊ သဘောကျပလား...(ကျပါပြီ)၊ မရလို့ရှိရင် ဒေါသမီးကလည်း

လောင်တယ်၊ အင်း...ဒီက အဝိဇ္ဇာသွားတော့ မောဟမီး၊ သဘော ကျပလား...(ကျပါပြီ)။

## ဒီမီးတွေငြိမ်းတာနိဗ္ဗာန်

ဒါဖြင့် ကာမာသဝ၊ ဘဝါသဝ၊ ဒိဋ္ဌာသဝက လောဘမီး၊ အဝိဇ္ဇာသဝက ... မောဟမီး၊ ဩော်... ဒီမီးတွေ ငြိမ်းတာ ဘာခေါ်ကြမလဲ...(နိဗ္ဗာန်ပါဘုရား)။ ဒီမီးတွေငြိမ်းတာ နိဗ္ဗာန် လို့သိသဖြင့် ဩော်...တို့သည်ကား ဒီသခၤါရတရားတွေကို အဖြစ်အပျက်မြင်တဲ့ ဉာဏ်နဲ့ရှုလိုက်တော့မှ၊ အာသဝေါတရား ကုန်ရာဆိုတဲ့ဥစ္စာ သူတို့မရှိတာပါလား...(မှန်ပါ့ဘုရား)။

သူတို့မရှိတာ ဘာခေါ်ကြမယ်...(နိဗ္ဗာန်ပါဘုရား)။ အင်း... သူတို့မရှိတဲ့ဆီကို တပည့်တော် အခုခဏာမရှိသလို တကာယ်မရှိတဲ့ နိဗ္ဗာန်ရောက်ရပါလို၏...(မှန်လှပါဘုရား)။

## နိဗ္ဗာန်ရောက်ရပါလို၏

အခု ခဏာမရှိသလို တကာယ်မရှိတဲ့ နိဗ္ဗာန် အစအဆုံး မရှိတဲ့ နိဗ္ဗာန် ဘယ်အခါကာလမှ အာသဝေါတရားနဲ့ အာရုံမပြု နိုင်တဲ့နိဗ္ဗာန်ကို တပည့်တော်တို့ အကြင်လင်မယားနဲ့ရော သားသမီးကုသိုလ်ရှင်တွေရော၊ ဓမ္မမိတ်ဆွေတွေရော ရောက်ရပါ

လို၏ ဆိုတာ ဒီကို ကိုယ့်ဟာကို ဆုံးအောင်လုပ်မှ ရောက်တာ၊ သဘောပါကြပလား ...(ပါပါပြီဘုရား)။

အင်း သူများဆုံးအောင်လုပ်လို့ ရောက်တာလား၊ ကိုယ့်ဟာကိုယ်ချုပ်အောင် လုပ်လို့ ရောက်လာတာလား... (ကိုယ့်ဟာကိုယ်ချုပ်အောင်လုပ်လို့ ရောက်လာတာပါဘုရား)။

ကိုင်း...ဒါဖြင့် ဤကဲ့သို့ စေတီပုထိုးကို ပြုပြင်ပြီး သကာလ လှူဒါန်းပေးကမ်းရတဲ့ ဒါနကုသိုလ်စေတနာတို့ကြောင့် တပည့်တော်၏ ခန္ဓာကိုယ် ဒုက္ခသစ္စာကြီးကို ကေန်သိ၊ တကယ် သိတဲ့ဉာဏ်နဲ့၊ အာသဝေါတရား ခေတ္တကုန်တာကို တပည့်တော် တို့ အလှူပွဲမှာ ရှိသဖြင့် အမြဲတမ်းကုန်တဲ့အလုပ်ကို လုပ်ပြီး သကာလ အမြဲတမ်း ငြိမ်းတဲ့ နိဗ္ဗာန်ရရပါလို၏လို့ စိတ်ထဲက ညွှတ်ရမယ်...(မှန်လှပါဘုရား)။

ဦးဘအုန်း ... တော်တော်အရေးကြီးတယ်၊ အဲ... ကုန်ပုံရော သဘောကျရဲ့လား...(ကျပါတယ်ဘုရား)။

## ဝိပဿနာရှုတဲ့ပုဂ္ဂိုလ်

အဲဒီတော့ ဒါနလှူတဲ့ပုဂ္ဂိုလ်ကလည်း ဒီအာသဝေါ တရားကုန်ရာကို ရည်မှန်းမှ နိဗ္ဗာန်ကိုး...(မှန်လှပါဘုရား)။ ဝိပဿနာရှုနေတဲ့ ပုဂ္ဂိုလ်ကတော့ မှန်းနေစရာ၊ သူပြောင်းနေစရာ

မလိုတော့ဘူး၊ သူ့လုပ်ရင်းမတ္တကုန်နေတယ်…(မှန်လှပါဘုရား)။

ဒါကြောင့် ဒါနလှူရင် အာသဝေါတရားကုန်ရာကိုညွှတ်ပါ။ ဝိပဿနာလုပ်နေတဲ့ ပုဂ္ဂိုလ်ကတော့ ညွှတ်မနေနဲ့တော့ သူကိုယ်က လုပ်ရင်းကုန်နေတယ်၊ ရှင်းကြပလား…(ရှင်းပါတယ်ဘုရား)။

## ဝိဝဋ္ဋဒါနဖြစ်တယ်

ဒါနလှူတဲ့ပုဂ္ဂိုလ်ကလည်း အာသဝေါတရားကုန်ရာကို ပြောင်းဖြစ်အောင် ပြောင်းမှသာလျှင်တဲ့ ဒကာ ဒကာမတို့ ဝိဝဋ္ဋဒါန ဖြစ်မယ်။ ဒါနတော့ ဒါနပဲ၊ ဘာဒါနပါလိမ့်… (ဝိဝဋ္ဋဒါနပါဘုရား)။

နို့မို့လို့ရှိရင်ဖြင့် ဝဋ္ဋဒါနဖြစ်သွားမယ် ကာမာသဝနဲ့ ဒီခန္ဓာကြီးခင်ပြီး ဒီခန္ဓာကြီး အန္တရာယ်ကင်းဖို့ အင်း အန္တရာယ်ကင်းဖို့ ဘေးကင်းဖို့ဆိုရင် ဝဋ္ဋဒါနဖြစ်ပြီ။

ဒီခန္ဓာကြီးမျိုး နောက်ရချင်လို့ ဟိုနောက်ဘဝလည်း ဒီခန္ဓာထက်ကောင်းတာကြီး ရချင်လို့ ဆိုလို့ရှိရင် ဘဝါသဝဖြစ်သွားပြီ၊ ဝဋ္ဋဒါနပဲဖြစ်မှာပါ။

အဲဒီတော့ ဒီ ဒိဋ္ဌာသဝကလည်း ငါလုပ်ရင် ငါရမှာပဲ ဆိုတဲ့ဒိဋ္ဌာသဝကလည်း လိုက်မှာပဲ…(လိုက်မှာပါဘုရား)။

အဝိဇ္ဇာသဝကလည်း မသိတဲ့အတွက် နောက်ဘဝ လူ ကောင်းနတ်ကောင်းဖြစ်ရပါလို၏ ဆိုရင်တော့ အဝိဇ္ဇာသဝက လည်း မသိတော့ အဝိဇ္ဇာသဝကလည်း ပါနေတယ်..(မှန်လှပါ ဘုရား)။

## အာသဝနယ်က လွတ်ချင်ရင်

အာသဝနယ်က လွတ်ပဲ့မလား ... (မလွတ်ပါဘုရား) ဒါဖြင့် အာသဝနယ်ကလွတ်တဲ့ အလွတ်အလှူချင်ဖြစ်ချင်လို့ရှိရင်ဖြင့် သဗ္ဗေ သင်္ခါရာ အနိစ္စာကို ယဒါ ပညာယ ပဿတိနဲ့ ကြည့်ပြီး သကာလလုပ်ပါ။

ကြည့်ပြီးလုပ်တော့မှ အာသဝေါတရားကုန်တယ်၊ အဲဒီ အခုကုန်တဲ့နေရာတို့ဖြင့် တပည့်တော်တို့ အရောက်ကြီးရောက်၊ အပေါက်ကြီး ပေါက်ရပါလို၏ပြင်ပစ်ရမယ်၊ တော်တော် အရေးကြီး တယ်နော်...(အရေးကြီးပါတယ်ဘုရား)။

တော်တော့်ကိုအရေးကြီးတယ် ဆိုတာဖြင့် ဒကာ ဒကာမတို့ လှိုက်လှိုက်လှဲလှဲပြောနေကတည်းက ဒကာသစ် ရိပ်မိဖို့ ကောင်းတယ်...(မှန်လှပါဘုရား)။

ဒါ အလှူပွဲထဲမှာဆိုလို့ရှိရင် ဒကာကြွယ်၊ ဘုန်းကြီးတို့

ပြောလို့ရှိရင်တော့ လွယ်ကူတယ်ပေါ့ဗျာ၊ အခြားသော ပုဂ္ဂိုလ် ပြောနေရင် ဘာပြောနေမှန်းလည်း သိမှာမဟုတ်ဘူး၊ ပြောဖို့ ကလည်း ဝန်ကလေးလေးနဲ့ဆိုရင်ဖြင့် တစ်ခါတည်း ဘုန်းကြီး ဆိုတာလည်း ဆိုတဲ့အတိုင်း ဖြစ်ရပါလို၏ ဖြစ်သွားမှာပဲ... (မှန်လှပါဘုရား)။

ဉာဏ်က လှည့်ဖြစ်ပ့ါမလား...(မလှည့်ဖြစ်ပါဘုရား)။ ဆိုတဲ့အတိုင်း ဖြစ်ရပါလို၏ဆိုတော့ သူဆိုချင်တာ ငါ့ဟာချည်း အောက်မေ့နေလို့ ရှိရင်လည်း ဘာဆိုမှန်းလည်း မသိနိုင်၊ ခက်ပါသေးရဲ့၊ ရှင်းပလား...(ရှင်းပါပြီဘုရား)။

## ဝိပဿနာဉာဏ်က ဓဏပယ်တယ်

အဲဒါကြောင့် အာသဝေါတရားကုန်ရာဆိုတာ ဝိပဿနာ ရှုပြီးသကာလမြင်တော့မှ အင်း ဒီအခုရှုတဲ့ အခိုက်အတန့်မှာ အာသဝေါကငြိမ်းနေတယ်၊ တဒင်္ဂအားဖြင့် ဝိပဿနာဉာဏ်က ပယ်ထားလိုက်တယ်။

ပယ်ထားတော့ကို ခန္ဓာကိုယ်ထဲမှာ ဩော်...အခုငြိမ်း ချမ်းသာယာတာလေးတွေ့ရတယ်၊ အာသဝေါကလေး ခေတ္တ ချုပ်တာနဲ့ ငြိမ်းချမ်းသာယာမှုလေးရနေတယ်။

## ငြိမ်းချမ်းမှုအစစ်ရလိုလို့

ဒီငြိမ်းချမ်းသာယာမှု အစစ်ကြီးကို ရလိုလို့ လှူဒါန်းပါ၏ လို့ ဖြစ်လိုက်ပါ...(မှန်ပါ့ဘုရား)။ ပြင်လိုက်ပါ၊ ပြင်လိုက်ပါ။

ဒီအချိန်မှာ ဦးချမ်းတို့ ဒေါ်ခန့်တို့ စိတ်ပြင်ဖို့အရေးပါပဲ၊ သဘောကျပလား...(ကျပါပြီ)။

**"ဣဒံ မေ ပုညံ၊ အာသဝက္ခယံ ဝဟံ ဟောတု"** ဆိုတဲ့ဥစ္စာဖြင့် ဣဒံမေပုညံ၊ **မေ**-တပည့်တော်၏၊ **ဣဒံပုညံ** - ဤဘုရားတည်ထားကိုးကွယ်တဲ့ ကုသိုလ်သည်၊ **အာသဝက္ခယံ** - အာသဝေါတရားလေးပါးတို့၏ ကုန်ရာကို၊ **ဝဟံ** - ရွက်ဆောင်နိုင်သည်၊ **ဟောတု**-ဖြစ်ပါစေသတည်းဆိုတာ ဟောဒီဉာဏ်က ရွက်ဆောင်တာ...(မှန်ပါ့)။

## ဉာဏ်က ရွက်ဆောင်ပေးမှာ

ဘယ်သူက ရွက်ဆောင်ပေးမှာလဲ...(ဉာဏ်က ရွက်ဆောင်ပေးမှာပါ ဘုရား)။ ကိုင်း...ဉာဏ်က ရွက်ဆောင်ပေးမှာဖြစ်လို့ ဉာဏ်က အလိုလိုပေါ်သလားတဲ့၊ သဗ္ဗေ သင်္ခါရာ အနိစ္စာ မြင်မှ ပေါ်လာတယ် ...(မှန်လှပါဘုရား)။

နဂိုကပေါ်လာတာဟုတ်ကဲ့လား ... (မဟုတ်ပါဘူး ဘုရား)။ နဂိုက ပေါ်လာတာက ကမ္မဿကတဉာဏ်သာ ပေါ်လာ

တယ်၊ ကံ၊ ကံ၏ အကျိုးကို ယုံကြည်ပြီး လှူဒါန်းတဲ့ဉာဏ်သာ ဒကာကြွယ် ပေါ်လာတယ်...(မှန်လှပါဘုရား)။

## ဝိပဿနာဦးစီးပြီး တည်ထားပါ၏

ခုနက ဝိပဿနာဉာဏ်ပေါ်လာရဲ့လား...(မပေါ်လာပါဘုရား)၊ မပေါ်လာဘူးဆိုတာ သေချာမနေဘူးလား...(သေချာနေပါတယ်ဘုရား)။

အဲဒါကြောင့် ခုဟာ ဝိပဿနာဉာဏ်နဲ့ ဦးစီးပြီး တည်ထားကိုးကွယ်ပါ၏လို့ ပြောင်းကြပါ သဘောကျပလား...(ကျပါပြီ)၊ ကိုင်း-ဒါ အင်မတန် အရေးကြီးနေပြီ...(မှန်ပါ့)။

ဒီထက် တစ်ခါ ဒကာ ဒကာမတွေက တိုးတက်လိုက်ပါဦးလို့ဆိုပြီး ဦးဘအုန်းရေ ဟောပြန်တယ်နော် ... (မှန်ပါဘုရား)။

ဉာဏ်နဲ့ကြည့်တဲ့အခါတိုင်း၌ ဉာဏ်နဲ့ကြည့်ပြီးနေတော့ ခုနကတော့ဖြင့် အာသဝေါတရားကုန်တာ ကုန်တာပါပဲ၊ ကုန်သည်ထက် ကုန်အောင်ကြည့်စမ်းပါဆိုတော့ ဒုက္ခ၊ ဒါ ဒုက္ခသစ္စာပဲလို့ ပြတ်အောင်ကြည့်ပေးပါ...(မှန်လှပါဘုရား)။

"အထ နိဗ္ဗိန္ဒတိ ဒုက္ခေ" အထ- ထိုသို့ကြည့်သောအခါ၌၊

ဒုက္ခေ–ဒုက္ခသစ္စာ၌၊ နိဗ္ဗိန္ဒတိ–ငြီးငွေ့ရဦးမယ်၊ ငြီးငွေ့ရဦးမှာတဲ့ ...(မှန်လှပါဘုရား)။

## ဒုက္ခသစ္စာကြီးကို ငြီးငွေ့ရမယ်

ဒကာ ဒကာမတို့ ဘာလုပ်ရဦးမှာလဲ...(ငြီးငွေ့ရဦးမှာပါဘုရား)၊ ငြီးငွေ့ရဦးမှာဆိုတော့ ဒီဒကာ ဒကာမတို့ သင်္ခါရ ဒုက္ခကြီး။

သင်္ခါရာ၊ ပျက်သွားတာက ဒုက္ခ၊ ပြုပြင်တာက သင်္ခါရ၊ ပျက်သွားတာကဒုက္ခ၊ အတူတူပဲမဟုတ်လား...(ဟုတ်ပါတယ်ဘုရား)၊ ပြုပြင်လို့ပေါ်လာတာက...(သင်္ခါရ) ပျက်သွားတာက ...(ဒုက္ခပါဘုရား)။

အင်း ဒါဖြင့် သဗ္ဗေ သင်္ခါရာ ဒုက္ခာထဲဝင်သွားတယ်၊ ဒုက္ခသစ္စာဖြစ်သွားတယ်၊ ဒုက္ခသစ္စာမဖြစ်သေးဘူးလား...(ဖြစ်ပါတယ်ဘုရား)၊ အင်း ဒေါ်ခန့်တို့ ခန္ဓာငါးပါး ဦးချမ်းတို့ ခန္ဓာငါးပါးဟာ ဘာသစ္စာပါလိမ့်...(ဒုက္ခသစ္စာပါဘုရား)။

ကြည့်လေ...သဗ္ဗေ သင်္ခါရာ ဒုက္ခာလို့လည်း ဟောထားတယ်၊ သဘောကျပလား...(ကျပါတယ်ဘုရား)၊ ဒုက္ခသစ္စာကော မဖြစ်သေးဘူးလား...(ဖြစ်ပါတယ်ဘုရား) အဲဒီဒုက္ခကြီးကို မွေ့ချင်သေးလား၊ ပိုက်ချင်သေးသလား နောက်ထပ်များ အသုံးချချင်သေးသလား မေးရင် ဘယ့်နှယ်ဖြေမလဲ...(မချချင်တော့ပါဘုရား)။

## သူ့တော်တော်မုန်းလာလို့

မချချင်လို့ရှိရင် သူတော်တော်မုန်းတာ၊ သူတော်တော်မုန်းလာပြီ၊ မချချင်သေးလို့ရှိရင် သူ့တော်တော်မုန်းလာပြီ… (မှန်ပါ့ဘုရား)။

အဲဒါသည်ကားလို့ဆိုလို့ရှိရင် အထ နိဗ္ဗိန္ဒတိ ဒုက္ခေ၊ ဒုက္ခသစ္စာသည် ဒုက္ခသစ္စာကြီးရဲ့မုန်းငြီးငွေ့ပြီး လှူဒါန်းပါ၏လို့ ပြောင်းရလိမ့်မယ်…(မှန်လှပါဘုရား)၊ ကိုင်း အားလုံး တစ်ပွဲလုံး လိုက်ကြ။

တပည့်တော် တပည့်တော်မတို့သည်၊ ဤဘုရားကို တည်ထားကိုးကွယ်ရသော မဂ်ဉာဏ်ဖြင့် ဒုက္ခသစ္စာ ခန္ဓာကိုယ်ကြီးကို ငြီးငွေ့ခြင်း၊ ပျင်းရိခြင်း၊ မလိုချင်ခြင်း ရှိသည်ဖြစ်ပါ၍ အာသဝေါတရားကုန်ရာကိုသာ ရောက်လိုခြင်း၊ ရလိုခြင်းဆန္ဒ၊ ပြင်းပြသည်ဖြစ်ပါ၍ တည်ထားကိုးကွယ်ပါ၏ အရှင်ဘုရား။

ဒါကိုငြီးငွေ့ပြီးသကာလ ဒါကြီးကိုငြီးငွေ့ပြီး ဒါမလိုချင်လို့ကို ဒီဘုရားကို အများကိုးကွယ်ရအောင် တည်ထားကိုးကွယ်တယ်ဆိုတဲ့အဓိပ္ပာယ်ဟာ ကိုယ့်သန္တာန်မလိုချင်လို့ကို တည်ထားကိုးကွယ်တာ…(မှန်ပါ့ဘုရား)။

တည်ထားကိုးကွယ်တဲ့ နိဗ္ဗိန္ဒဉာဏ်နဲ့ နိဗ္ဗာန်သွားမလို့ ကိုးကွယ်တာ၊ နိဗ္ဗိန္ဒဉာဏ်နဲ့ ဘုရားပြုပြင်တာ … (မှန်လှပါဘုရား) ကိုင်း–ဒါဖြင့် နေရာကျပါပြီ။ ရှေ့တစ်ဆင့်ဂေါက်ပါဦး။

ဒကာဒကာမတို့ ရှေ့တစ်ဆင့်တက်ပါဦး "အထ နိဗ္ဗိန္ဒတိ ဒုက္ခေ" သာ ဖြစ်သေးတာကိုး၊ နိဗ္ဗိန္ဒတိ–ငြီးငွေ့ပြီ၊ ဒါ နိဗ္ဗိန္ဒာဉာဏ် ဒကာသစ် ဖြစ်လာပြီ၊ ဒီက ဒုက္ခဖြစ်သွားပြီ (မှန်လှပါဘုရား)။

ဒုက္ခေ နိဗ္ဗိန္ဒတိဖြစ်သွားပြီ၊ ခုနကတော့ **ပညာယ ပဿတိ** ပဲ ဖြစ်တယ် ...(မှန်ပါ)၊ ခုနကတော့ **"ယဒါ ပညာယ ပဿတိ"** ပဲဖြစ်တယ်၊ အခုတော့ ဒုက္ခေနိဗ္ဗိန္ဒတိသွားဖြစ်တယ်။ သဘောကျပလား ... (ကျပါပြီ)။ ဘာဖြစ်သွားသလဲ...(ဒုက္ခေ နိဗ္ဗိန္ဒတိ ဖြစ်ပါတယ်ဘုရား)။

ခုနကတုန်းကတော့ကို **"ယဒါ ပညာယ ပဿတိ"** ဆိုတော့ ဝိပဿနာဉာဏ်နဲ့သာ မြင်တယ်၊ အခုဟာက နိဗ္ဗိန္ဒာဉာဏ်နဲ့ မြင်တာ ...(မှန်လှပါဘုရား)။ သဘောကျပလား...(ကျပါပြီ ဘုရား)။

ဘယ်ဉာဏ်နဲ့ မြင်ပါလိမ့်...(နိဗ္ဗိန္ဒာဉာဏ်နဲ့ မြင်တာပါ ဘုရား)၊ နိဗ္ဗိန္ဒာဉာဏ်နဲ့ မြင်တယ်ဆိုတာ သေချာပလား... (သေချာပါပြီဘုရား)။

## ခန္ဓာကြီးကို ငြီးငွေ့တာ

ကိုင်း–ဒါဖြင့် နိဗ္ဗိန္ဒာဉာဏ်နဲ့မြင်သည့်တိုင်အောင်လည်း အာသဝေါတော့ ကုန်တာအမှန်ပါပဲ၊ ဘယ်သူ့ငြီးငွေ့တာတုံး ဆိုလို့ရှိရင် ဒီခန္ဓာကြီးငြီးငွေ့တာ၊ ဒီဒုက္ခသစ္စာကြီး ငြီးငွေ့တာ... (မှန်လှပါဘုရား)။

ဒုက္ခသစ္စာခန္ဓာကြီး ငြီးငွေ့တော့ ကာမာသဝကလည်း ဒုက္ခသစ္စာခန္ဓာကိုယ်ကြီး ငြီးငွေ့တော့ ကာမာသဝက ရှိသေးရဲ့လား ...(မရှိတော့ပါဘုရား)။

ဟိုဘဝကလည်း ဒုက္ခသစ္စာခန္ဓာကြီးပဲ ရမှာဖြစ်နေတော့ ငြီးငွေ့နေတော့ ဘဝါသဝကကော...(မရပါဘုရား)။

ခန္ဓာကိုယ်ကြီး ငြီးငွေ့ပါတယ်ဆိုကတည်းကိုက ငါ့ကိုယ်၊ ငါ့ဟာဟုတ်သေးရဲ့လား...(မဟုတ်တော့ပါဘုရား)။ မဟုတ်သေးရင် ဒိဋ္ဌာသဝလည်း ချုပ်တယ်။

ဒီခန္ဓာကိုယ်ကြီးဟာ ဒုက္ခသစ္စာလို့သိနေတော့ အဝိဇ္ဇာ ရှိရင် မသိဘူး၊ အခုတော့ ဝိဇ္ဇာနဲ့သိနေတော့ အဝိဇ္ဇာသဝက လည်း ချုပ်တယ်...(မှန်ပါ့ဘုရား)။

ဒီလိုငြီးငွေ့အောင်ရှုလိုက်ပြန်တော့လည်း ကြည့်လိုက် ပြန်တော့လည်း ဒကာ ဒကာမတို့ နိဗ္ဗိန္ဒာဉာဏ်နဲ့ လှူတာပါပဲ... (မှန်လှပါဘုရား)၊ ကဲ...လိုက်ကြ။

## နိဗ္ဗိန္ဒာဉာဏ်ဖြင့် လှူဒါန်းပါ၏

တပည့်တော် တပည့်တော်မတို့သည် ဤခန္ဓာကိုယ်ကြီးကို ဒုက္ခသစ္စာ အမှန်ဖြစ်ပါ၏ဟု သိသော နိဗ္ဗိန္ဒာဉာဏ်ဖြင့် ပြင်းပြ၍ လှူဒါန်းပါ၏။ ဤစေတီကို တည်ထားပါ၏၊ အများကိုးကွယ်ရန် ဆောက်လုပ်ထားပါ၏ အရှင်ဘုရား။

ကိုင်း–ခန္ဓာ ငြိမ်းငွေ့သွားတာက အာသဝေါတရားလည်း ကုန်သေးတယ်၊ ခန္ဓာငြိမ်းငွေ့ပြီးသကာလ၊ ဒီစေတီတော်တည်ထားပြီး သကာလ ငြိမ်းငွေ့တဲ့ဉာဏ်နဲ့ စေတီတည်ဆောက်တယ်။

ခန္ဓာတည်ဆောက်တာသည် ငြိမ်းငွေ့တဲ့ဉာဏ်နဲ့ တည် ဆောက်တယ်လို့ မှတ်ထားပါ…(မှန်လှပါဘုရား)။

တရားနှလုံးသွင်းကြ၊ ဒီဥစ္စာ ခန္ဓာဉာဏ်ရောက် နှလုံး သွင်းကြပါနော်။

အခု အထ နိဗ္ဗိန္ဒတိ ဒုက္ခေတော့ ပြီးသွားပြီ၊ ကဲ နှစ်ချက် ပြီးသွားပြီ၊ ခုနက (၁)နံပါတ်က "သဗ္ဗေ သင်္ခါရာ အနိစ္စာ၊ ယဒါ ပညာယ ပဿတိ" နဲ့ ကြည့်လိုက်တာက ဝိပဿနာဉာဏ်၊ "ဒုက္ခေ နိဗ္ဗိန္ဒတိ" ဆိုတာက နိဗ္ဗိန္ဒာဉာဏ် …(မှန်လှပါဘုရား)။

## ဘာဖြစ်ဖို့လိုသေးသတုံး

ခန္ဓာငါးပါးက ဒုက္ခသစ္စာ၊ နိဗ္ဗိန္ဒတိက နိဗ္ဗိန္ဒာဉာဏ်… (မှန် လှပါဘုရား)၊ ဧသ မဂ္ဂေါ ဝိသုဒ္ဓိယာ ဖြစ်ဖို့လိုသေးတယ်၊ ကိုင်း ကြပ်ကြပ်စဉ်းစားကြပါ ဘာလိုသေးတုံး…(ဧသ မဂ္ဂေါ ဝိသုဒ္ဓိယာ လိုသေးပါတယ်ဘုရား)။

**"သဗ္ဗေ သင်္ခါရာ အနိစ္စာ၊ ယဒါ ပညာယ ပဿတိ၊ အထ နိဗ္ဗိန္ဒတိ ဒုက္ခေ၊ ဧသ မဂ္ဂေါ ဝိသုဒ္ဓိယာ"** ဧသမဂ္ဂေါဆိုတဲ့

ဥစ္စာ ဒါ မဂ်စစ်ဖြစ်ရမယ်...(မှန်ပါဘုရား)။ သူက ဝိသုဒ္ဓိယာ ဖြစ်ရမယ် ...(မှန်လှပါဘုရား)။

ဝိသုဒ္ဓိ ဆိုတာက ကိလေသာအညစ်အကြေးတို့မှ အလုံးစုံကပ်ငြိခြင်းမရှိတဲ့ စင်ကြယ်တဲ့ သူကနိဗ္ဗာန်ဖြစ်ရမယ်၊ သဘောကျပလား ...(ကျပါပြီဘုရား)။

ဒီက ဘာဖြစ်ရမယ် သေမဂ္ဂေါ၊ ဒီဘက်က ခန္ဓာက ဘာဖြစ်ရမယ်...(ဝိသုဒ္ဓိဖြစ်ရမှာပါဘုရား)၊ သူက ဝိသုဒ္ဓိဖြစ်ရမယ်။ သူက နိဗ္ဗာန်ကို ဖြစ်ရဦးမယ်။

ကိုင်း–ဒီဥစ္စာ ဒကာ ဒကာမတို့ နာရီကလည်းနည်းနည်း ကျန်တော့တယ်၊ သေသေချာချာ နားထောင်ကြပါ၊ ဦးဘအောင်ရေ ... ဒီနှစ်ချက်ပြီးသွားတာကော သဘောကျကြရဲ့လား ...(ကျပါတယ်ဘုရား)။

**"သဗ္ဗေ သင်္ခါရာ အနိစ္စာ၊ ယဒါ ပညာယ ပဿတိ"** က တစ်နံ့ပါတ်ဉာဏ်၊ ဒါဝိပဿနာသမားများမှာ တစ်နံ့ပါတ်က စရမယ် ...(မှန်လှပါဘုရား)။

နောက်နှစ် နံပါတ် ဉာဏ်တက်ချင်ရင်တော့ "ဒုက္ခေနိဗ္ဗိန္ဒတိ" လုပ်ရမယ် **"အထ နိဗ္ဗိန္ဒတိ ဒုက္ခေ"**၊ ဒုက္ခေကို နိဗ္ဗိန္ဒတိနဲ့ တွဲရမယ်၊ ဒါဒုက္ခသစ္စာဖြစ်သွားပြီးသကာလ ဖြစ်ဒုက္ခ၊ ပျက်ဒုက္ခပါလားလို့ ငြီးငွေ့တဲ့ ဉာဏ်နဲ့လှူရမယ်...(မှန်လှပါဘုရား) သဘောကျပလား...(ကျပါပြီ)။

## ဝိသုဒ္ဓိက ဘာပါလိမ့်

ကဲ...တတိယအချက်ကတော့ **"ဝိသုဒ္ဓိယာ"**နဲ့ **"မဂ္ဂေါ"** ...(မှန်ပါ့ဘုရား)၊ မဂ္ဂေါသည်သူက မဂ္ဂင်ရှစ်ပါးဖြစ်ရမယ်၊ သူက ဝိသုဒ္ဓိ ဖြစ်ရမယ်။

ဝိသုဒ္ဓိဆိုတာ ဒကာ ဒကာမတွေ ရှင်းရှင်းလင်းလင်းမှ မှတ်လိုက်စမ်းပါ၊ နိဗ္ဗာန်ဖြစ်တယ်၊ သဘောကျပြီလား...(ကျပါပြီ)၊ **ဝိသုဒ္ဓိ** က ဘာပါလိမ့်...(နိဗ္ဗာန်ပါဘုရား)၊ **မဂ္ဂေါ**က ...(မဂ်ဉာဏ် ပါဘုရား)၊ မဂ်ဉာဏ်။

## ဝိပဿနာအလုပ်စဉ်

ဝိသုဒ္ဓိက...(နိဗ္ဗာန်ပါဘုရား)၊ မဂ္ဂေါက ...(မဂ်ဉာဏ်ပါ ဘုရား)၊ အဲဒီကျအောင် ဒကာ ဒကာမတွေက ဒါအလုပ်စဉ်လည်း ပါသွားတဲ့ တရားလို့ မှတ်လိုက်စမ်းပါ...(မှန်လှပါဘုရား)။

ဩော် တစ်နံပါတ်က ဘာလုပ်ရမှာတုံးဆိုရင် ဖြစ်ပျက် မြင်အောင်ကြည့်ရမယ်။

နှစ်နံပါတ်က ဖြစ်ပျက်မုန်းအောင် ကြည့်ရမယ်၊ ဒီပါဠိတော် က လာနေတာ၊ သဘောပါကြပါလား...(ပါပါတယ်ဘုရား)။

သုံးနံပါတ်က ဖြစ်ပျက်ဆုံးအောင်ကြည့်ရမယ်ဆိုတော့ သူက ဝိသုဒ္ဓိဖြစ်သွားတော့ စင်ကြယ်သွားတော့ ဘာရှိသေးသလဲ... (မရှိပါဘူးဘုရား)၊ ဆုံးအောင်ကြည့်ဆိုတော့ ဝိသုဒ္ဓိကိုဆိုတာ...(မှန်ပါ)။

ဒါ သေသေချာချာမှတ်ပါ၊ ဒီပါဠိတော်ဟာ အင်မတန်မှ နိဗ္ဗာန်ကို အတိုကောက်နဲ့ ဝင်တဲ့ပါဠိတော်တို့ မှတ်လိုက်စမ်းပါ ...(မှန်လှပါဘုရား)၊ သဘောကျကြပလား...(ကျပါပြီဘုရား)။

## သောတာပန်ဖြစ်ရင် လေးပုံတစ်ပုံကုန်တယ်

ကိုင်း ဒါဖြင့် သူ့ကို ဝိသုဒ္ဓိဖြစ်အောင် လုပ်ကြဦးစို့ နော်။ သူဝိသုဒ္ဓိဖြစ်လို့ရှိရင် ဟောဒီအာသဝေါတရားလေးပါးက ဒကာ ဒကာမတို့၊ သောတာပန်ဖြစ်လို့ရှိရင်လည်း လေးပိုင်းတစ်ပိုင်း ကုန်မှာပဲ...(မှန်လှပါဘုရား)။

ကာမာသဝက လေးပိုင်းတစ်ပိုင်းကုန်မယ်။ ဘဝါသဝက လည်း လေးပိုင်းတစ်ပိုင်းကုန်မယ် (မှန်လှပါဘုရား)။

## ဒိဋ္ဌာသဝကစင်းလုံးချောကုန်မယ်

ဒိဋ္ဌာသဝကစင်းလုံးချောကုန်မယ်...(မှန်လှပါဘုရား)၊ မရှိ တော့ဘူး၊ ဒိဋ္ဌာသဝက လုံးဝမရှိဘူး။

အဝိဇ္ဇာသဝကလေးပိုင်း တစ်ပိုင်းကုန်မယ်...(မှန်လှပါ ဘုရား)၊ လေးပိုင်းတစ်ပိုင်းဆိုရင် သုံးကျန်ရစ်တာပေါ့၊ သဘော ကျပလား...(ကျပါပြီ)။

ကိုင်းဒါဖြင့် အခုနိဗ္ဗိန္ဒတိ၊ ဒုက္ခေဆိုတော့ အာသဝေါတရား

တွေသည်ကားလို့ဆိုရင်ဖြင့် ခဏတော့ဖြင့် ကုန်နေကြတာပဲ...
(မှန်လှပါဘုရား)။

ကိုင်း ဒါဖြင့် ဝိသုဒ္ဓိဖြစ်အောင် လုပ်ကြပါစို့ဆိုတော့
ဒီခန္ဓာကိုယ်ကြီး ဒကာ ဒကာမတို့ဖြစ်တာလည်း ဘာသစ္စာ...
(ဒုက္ခသစ္စာပါဘုရား)၊ ပျက်တာလည်း...(ဒုက္ခသစ္စာပါဘုရား)၊
သဘောကျပလား...(ကျပါပြီ)။

## ဒုက္ခပိုင်ပိုင်နိုင်နိုင်သိတယ်

ဖြစ်တာလည်း...(ဒုက္ခသစ္စာ)၊ ပျက်တာလည်း...
(ဒုက္ခသစ္စာ)၊ ဒီလိုကြည့်လိုက်တော့ ဒုက္ခပိုင်ပိုင်နိုင်နိုင် သိသွား
ရော...(မှန်လှပါဘုရား)။

ဘယ်လို ပိုင်ပိုင်နိုင်နိုင်သိသလဲလို့ ဘုန်းကြီးတို့ ဒကာ
ဒကာမတွေက မေးလို့ရှိရင်ဖြင့် အဖြစ်လည်း မကြိုက်တော့ဘူး၊
အပျက်ကော...(မကြိုက်တော့ပါဘုရား)။

အဖြစ် ဘာသစ္စာမို့ မကြိုက်သလဲ...(ဒုက္ခသစ္စာမို့ပါ
ဘုရား)၊ အပျက်လည်း ဘာဖြစ်လို့ မကြိုက်သလဲ ...(ဒုက္ခသစ္စာ
မို့ပါဘုရား)။

မကြိုက်တာသည် မဂ်ပဲ မကြိုက်တာသည်...(မဂ်ပါ
ဘုရား)၊ မဂ်လာတဲ့အခါကျလို့ရှိရင်ဖြင့် ဒကာ ဒကာမတို့၊

မင်္ဂဆိုတာ နိဗ္ဗာန်ကိုသာ မြင်တော့တယ် ခန္ဓာဖြစ်ပျက် မမြင်တော့ဘူး...(မှန်လှပါဘုရား)။

ခန္ဓာ ဒုက္ခသစ္စာတွေ မမြင်တော့ဘူး၊ မြင်သေးရဲ့လား ...(မမြင်တော့ပါဘုရား)၊ အဲဒီတော့ကို ဒီဥစ္စာ ဒကာ ဒကာမတွေက အင်း-ဒီဥစ္စာ ဒုက္ခသစ္စာတွေပါလား မလိုချင်တော့ပါဘူး ဆိုတော့ သူက ဝိသုဒ္ဓိဖြစ်သွားတယ်။

## ဝိသုဒ္ဓိဆိုတာ စင်ကြယ်သွားတာ

ဝိသုဒ္ဓိဆိုတာ စင်ကြယ်သွားတာ၊ ဝိသုဒ္ဓိလည်း သူကဖြစ်ပါရော ဒကာဒကာမတွေ ဒီကမဂ္ဂင်ရှစ်ပါးသွားပြည့်တယ်၊ သူက မဂ္ဂေါ်သွားဖြစ်တယ်...(မှန်လှပါဘုရား)

ဒီက ဝိသုဒ္ဓိဖြစ်မှ ဒီက မဂ္ဂေါ်သွားဖြစ်မယ်၊ သဘောကျပလား..(ကျပါပြီဘုရား)။

ကိုင်း ဒါဖြင့် ဒီဝိသုဒ္ဓိဖြစ်တဲ့ နိဗ္ဗာန်ကို တပည့်တော်တို့ လိုချင်ခြင်းဆန္ဒ ပြင်းပြသည်ဖြစ်၍ ဤဘုရားတည်ထားကိုးကွယ်ပါ၏ ဆိုတဲ့ အဓိပ္ပာယ်လည်း ရှင်းကြပလား...(ရှင်းပါပြီဘုရား)။

ဝိသုဒ္ဓိဖြစ်တဲ့ နိဗ္ဗာန်ကို ဟောဒီဉာဏ်နဲ့ လိုချင်လို့သာလျှင် လှူဒါန်းပေးကမ်း တည်ထားကိုးကွယ်ပါ၏၊ ရှင်းကြပလား... (ရှင်းပါပြီ)။

ကိုင်း-ဒါဖြင့် ဒကာ ဒကာမတွေ ဝိပဿနာဉာဏ် ဘယ်နှစ်ဆင့်ပါလိမ့်...(နှစ်ဆင့်ပါဘုရား)၊ အေး-ဝိပဿနာဉာဏ်က ဒကာသစ်က နှစ်ဆင့်...(မှန်ပါ့ဘုရား)။

မဂ်ဉာဏ်က...(တစ်ဆင့်ပါဘုရား)၊ အဲ-ပေါင်းလိုက်တော့...(သုံးဆင့်ပါဘုရား)၊ အဲဒါ အိမ်ကျတော့လည်း ဒီအတိုင်းပဲ...(မှန်လှပါဘုရား)။

သင်္ခါရတရားပျက်တာကို ပထမဉာဏ်နဲ့ကြည့်...(မှန်ပါ့)၊ ဒီသင်္ခါရတရားပျက်တာကို ဒုတိယငြီးငွေ့တဲ့ဉာဏ်နဲ့ကြည့်...(မှန်ပါ့)၊ သဘောကျပလား...(ကျပါပြီ)။

## ဝိသုဒ္ဓိကနိဗ္ဗာန်

ဒီသင်္ခါရတရား ဒုက္ခသစ္စာအစစ်ပဲလို့ ပိုင်ပိုင်နိုင်နိုင် သိအောင် ကြည့်လိုက်လို့ရှိရင် ဖြစ်ဒုက္ခ၊ ပျက်ဒုက္ခပဲလို့ ပိုင်ပိုင်နိုင်နိုင် သိရလို့ရှိရင်ဖြင့် ဒုက္ခသစ္စာဆုံးသွားပြီ ... (မှန်လှပါဘုရား)။

ဆုံးသွားတော့ ဝိသုဒ္ဓိနဲ့ မဂ်သွားဖြစ်တယ်...(မှန်လှပါဘုရား)၊ ဝိသုဒ္ဓိက နိဗ္ဗာန်၊ မဂ်က မဂ်ဉာဏ်...(မှန်ပါ့)၊ ရှင်းပလား...(ရှင်းပါပြီ)။

## မဂ္ဂင်ရှစ်ပါးက မဂ်ဉာဏ်

ဝိသုဒ္ဓိက...(နိဗ္ဗာန်)၊ အင်း–မဂ္ဂင်ရှစ်ပါးက... (မဂ်ဉာဏ်ပါဘုရား)၊ အင်း–ဒါဖြင့် "ဝိသုဒ္ဓိယာ မဂ္ဂေါ" (မှန်လှပါဘုရား)၊ ရှင်းကြပလား...(ရှင်းပါပြီ)။

ကိုင်း–ဒါဖြင့် ဒီဉာဏ်နဲ့ ဒီဝိသုဒ္ဓိဖြစ်ချင်လို့ လှူဒါန်းပါ၏ ဆိုတော့ ဒီကလည်း ဝိသုဒ္ဓိဖြစ်တဲ့ အချိန်ကျတော့ သူတို့က လုံးဝကို မရှိတော့ဘူး...(မှန်လှပါဘုရား)။

ဒါဖြင့် အာသဝေါတရားကုန်ရာ နိဗ္ဗာန်ဆိုတာသည် ဒီက ဝိသုဒ္ဓိဖြစ်တော့ သူကုန်လို့ ...(မှန်လှပါဘုငရား)၊ ရုပ်နာမ်တွေက ဝိသုဒ္ဓိဖြစ်သွားတော့ အာသဝေါတရားက ...(ကုန်ပါတယ်ဘုရား)၊ မကုန်ဘူးလား...(ကုန်ပါတယ်)။

ကုန်တော့ကို ဒီက ကုန်တာနဲ့ ဒီက သမုဒယချုပ်တယ်၊ ဒီက ဒုက္ခချုပ်တယ်၊ သမုဒယရော ဒုက္ခရောချုပ်တာက နိဗ္ဗာန်ပဲ ...(မှန်လှပါဘုရား)၊ ဒါ အသေအချာမှတ်ပါ ဒကာ ဒကာမတွေ ...(မှန်လှပါဘုရား)။

ဒီအာသဝေါတရားကုန်သွားတာလည်း ဒီကဝိသုဒ္ဓိလည်း ဖြစ်ပါရော ဒီအာသဝေါတရား ရှိသေးရဲ့လား...(မရှိတော့ပါဘုရား)။

## အာသဝေါစင်ကြယ်တဲ့ဝိသုဒ္ဓိ

ဒါဖြင့် အာသဝေါတရားကလည်း ဝိသုဒ္ဓိလို့ဆိုသဖြင့် ဘာဝိသုဒ္ဓိတုံးလို့မေးတဲ့အခါ ဟောဒီအာသဝေါအညစ်အကြေး စင်ကြယ်တဲ့ ဝိသုဒ္ဓိသွားဖြစ်တယ်...(မှန်လှပါဘုရား)။

ဒါဖြင့် ဝိသုဒ္ဓိနဲ့ အာသဝကုန်တာနဲ့ ဘာထူးသေးလဲ... (မထူးပါဘူးဘုရား)၊ အာသဝအညစ်အကြေးကုန်တာကို ဘာခေါ် ကြမလဲ...(ဝိသုဒ္ဓိခေါ်ပါတယ်ဘုရား)၊ ဝိသုဒ္ဓိပဲဆိုတော့ ဒီနှစ်ခုဟာ သမုဒယနဲ့ ဒုက္ခချုပ်သွားတာလို့ မှတ်လိုက်...(မှန်လှပါဘုရား)။

ဘယ်လိုမှတ်ကြမလဲ...(သမုဒယနဲ့ ဒုက္ခချုပ်သွားတာ ပါဘုရား)၊ အင်း...သမုဒယနဲ့ ဒုက္ခချုပ်တာ ဘာခေါ်ကြမလဲ ...(ဝိသုဒ္ဓိပါဘုရား)၊ ရှင်းပလား...(ရှင်းပါပြီဘုရား)။

ဒါဖြင့် တပည့်တော်တို့ ဒီဉာဏ်နဲ့ အာသဝေါတရား ကုန်ရာ ဝိသုဒ္ဓိဖြစ်တဲ့ နိဗ္ဗာန်ကို ရည်မှန်းပြီး သကာလ ဒီဘုရား ဒီဘုရားကြီး ဆွမ်းဆန်တွေလှူလို့ ဒီထိုက်တန်တဲ့ သံဃာတွေကို အလှူငွေပေးကမ်းပြီး အမျိုးမျိုး အဖုံဖုံလှူဒါန်းဆိုတဲ့ ဥစ္စာသည် အင်မတန်မြတ်တဲ့ ဝိသုဒ္ဓိဖြစ်တဲ့ နိဗ္ဗာန်ကို အာသဝေါတရားကုန် တာနဲ့ ဝိသုဒ္ဓိဖြစ်တဲ့ နိဗ္ဗာန်ကို တစ်ထပ်တည်းဖြစ်အောင် တပည့် တော်တို့ရချင်လို့ လှူဒါန်းပါ၏...(မှန်လှပါဘုရား)။

## ရေစက်ချတော့မယ်

ဒါ အင်မတန်ရှင်းသွားပြီ ဦးဘအုန်း ရှင်းရဲ့လား... (ရှင်းပါပြီဘုရား)၊ ကိုင်း ဒါဖြင့် ဒကာ ဒကာမတွေ ရေစက်ချတော့မယ်နော်၊ ကဲ ဦးချမ်းတို့က ရေစက်ခွက်ကိုင်ထား...(မှန်ပါ့)၊ (၁၀)မိနစ်ကျန်တော့တယ်။

ဘန္တေ–အရှင်ဘုရား မယံ–အကျွန်ုပ်တို့သည်၊ မယံ–အကျွန်ုပ်တို့သည် ဆိုတော့ တပည့်တော်တို့ အကုန်ပဲ၊ **ရာဂါဒီဟိ**–ရာဂအစ ရှိကုန်သော **ကောဒသဂ္ဂီဟိ**–တစ်ဆယ့်တစ်ပါးသော မီးတို့ဖြင့်၊ **ပဋိပီဠိတံ**–အလွန်အကဲညှဉ်းဆဲ နှိပ်စက်၍နေထသော၊ ဒီဒကာ ဒကာမတွေ ဒီအထဲမှာ အကောင်း တစ်ယောက်မှ မပါဘူး ... (မှန်လှပါဘုရား)။

## မီးဆယ့်တစ်မီးလောင်နေတယ်

ဆယ့်တစ်မီးလောင်နေတဲ့ ပုဂ္ဂိုလ်ချည်းပဲ၊ ဒီအထဲ ဒကာ ဒကာမတွေ ဘာဖြစ်နေကြလဲ...(မီးဆယ့်တစ်မီးလောင်နေပါတယ် ဘုရား)၊ ဆယ့်တစ်မီး မသိမှာစိုးတဲ့အတွက် တစ်ခါတလေ လောဘမီးက လောင်တယ်...(မှန်လှပါဘုရား)။

တစ်ခါတလေ မကျေနပ်လို့ ဒေါသမီးက ဒီခန္ဓာကြီးပဲ လောင်တယ်၊ မီးက ခန္ဓာထဲ ဖြစ်တာကိုး၊ အခြားလူကူး

လောင်သလား ကိုယ့်လောင်နေမှာလား ... (ကိုယ့်လောင်နေပါတယ်ဘုရား)။

## လောဘမီး

လောဘမီးဟာ ဟဒယဝတ္ထုပေါ်ဖြစ်တယ်ဆိုတော့ အဲဒါ ဗဟိုချက်မကနေ စတောက်တာ...(မှန်ပါ့ဘုရား)၊ ဗဟိုချက်မကနေ စတောက်တော့ ခြေထောက်လည်း လောင်မှာပဲ၊ ခေါင်းလည်း လောင်မှာပဲ၊ ဗိုက်လည်း လောင်မှာပဲ... (မှန်ပါ့ဘုရား)။

## ဒေါသမီး

ဒေါသမီးကလည်း ဗဟိုချက်မမှာသွားပြီး စွဲတယ်။ ဒါဖြင့် အောက်လောင် အထက်လောင်ဆိုတော့ ကျန်စရာရှိသေးသလား... (မရှိတော့ပါဘုရား)။

ဒါဖြင့် ဒကာ ဒကာမတွေ ခန္ဓာကိုယ်ဟာ မီးလောင်ခြင်း ခံနေရတဲ့ မီးလောင်စာ ခန္ဓာကိုယ်...(မှန်လှပါဘုရား)၊ သဘောကျပလား...(ကျပါပြီ)။

## မောဟမီး

မောဟမီးကလည်း မသိတဲ့မီးကလည်း၊ အဝိဇ္ဇာက

လောင်တာလည်း ဗဟိုချက်မကနေ လောင်တော့ ခုနကလိုပဲ အကုန်ပြောတာပဲ။

သောကမီးကလောင်လိုက်တယ်ဆိုတော့ ဝမ်းထဲတင် လောင်တာလား ဝမ်းထဲကနေပြီး ရေငတ်လာအောင် ပူတာလား စဉ်းစားကြည့်ပါ...(ရေငတ်လာအောင် ပူတာပါဘုရား)။

အင်း သူကတော့ ဗဟိုချက်မကနေပြီး လောင်သော ကြောင့် ဒကာ ဒကာမတို့ သောကမီး စိုးရိမ်တယ်ဆိုလို့ရှိရင် တစ်ကိုယ်လုံး လောင်ချတာပဲ...(မှန်လှပါဘုရား)။

## ပရိဒေဝမီး

ပရိဒေဝမီး ငိုချင်တယ်ဆိုတော့ မျက်ရည်ကို ရေလျှံထွက် ထွက်လာတာပဲ၊ အဲဒါ မခံနိုင်လို့ ထွက်လာတာ...(မှန်ပါ့ဘုရား)၊ ဒါဖြင့် ဝမ်းထဲက လောင်တယ်ဆိုတာ သေချာပလား...(သေချာပါ တယ်ဘုရား)။

ဒုက္ခမီးဆိုတော့ စိတ်၏ဒုက္ခ၊ ကိုယ်၏ဒုက္ခကော မရှိဘူး လား...(ရှိပါတယ်ဘုရား)၊ အေး ကိုယ်၏ဒုက္ခကလည်း ချွေးတွေ များထွက်လို့...(မှန်ပါ့)၊ စိတ်ကလည်း ဝမ်းထဲကပြည့်မှ ပြည့် စုံပါ့မလားဆိုတဲ့ မကျေနပ်မှုတွေဟာ မရှိဘူးလား...(ရှိပါတယ် ဘုရား)၊ အဲဒီတော့ တစ်ကိုယ်လုံးမှာ မလောင်ဘူးလား...

(လောင်ပါတယ်ဘုရား)၊ သဘောကျပြီမဟုတ်လား... (သဘော ကျပါပြီဘုရား)။

လောဘ၊ ဒေါသ၊ မောဟ၊ သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသ ဆိုတော့ ရှစ်မီးမနေဘူးလား...(နေပါတယ် ဘုရား)။

## လောင်စာက ခန္ဓာ

အဲ မီးလောင်စာက ခန္ဓာတစ်ခုတည်း မီးက ဆယ့်တစ်မီး ဝိုင်းလာတယ်၊ သဘောကျပလား...(ကျပါပြီ)၊ ဒီခန္ဓာကိုယ် ကြီး ဘယ်နှစ်မီးများလောင်သလဲ ... (ဆယ့်တစ်မီးလောင်ပါတယ် ဘုရား)။

ဆယ့်တစ်မီးလောင်နေသော ခန္ဓာကိုယ်ကြီးကို ရွံ့ခြင်း၊ မုန်းခြင်း၊ ပျင်းရိခြင်း၊ ငြီးငွေ့ခြင်း ရှိသည်ဖြစ်ပါ၍ ဒီမီးတွေ သိမ်းရာ၊ ငြိမ်းရာဖြစ်တဲ့ နိဗ္ဗာန်ရည်မှန်းပြီး စေတီတည်ထားကိုးကွယ် ဤဆန်တွေလှူဒါန်း၊ ဤလက်ဖက်ရည်အချိုအစရှိသည်တို့ကို လှူဒါန်းပေးကမ်းပါ၏ လို့ ပြောင်းလိုက် ...(မှန်လှပါဘုရား)။

ဆယ့်တစ်မီးငြိမ်းရာ နိဗ္ဗာန်ကြီးသို့ ရောက်တော့မယ်၊ ဘာလို့လုပ်တာပါလိမ့်...(ဆယ့်တစ်မီးငြိမ်းဖို့ လုပ်တာပါဘုရား)၊ ဘယ်နှစ်မီးပါလိမ့်...(ဆယ့်တစ်မီးပါဘုရား)။

## ဆယ့်တစ်မီးငြိမ်းချင်လွန်းလို့

အင်း ဆယ့်တစ်မီးငြိမ်းချင်လွန်းလို့ လုပ်တယ်လို့ တစ်ခါတည်းပြောင်းလိုက်. . . (မှန်လှပါဘုရား)။

ဒါဖြင့် **ရာဂါဒီဟိ**-ရာအစရှိကုန်သော **ကောဒသဂ္ဂိဟိ**-ဆယ့်တစ်ပါးသော မီးတို့ဖြင့် **ပဋိပီဠိတံ**-အလွန်အကဲညှဉ်းဆဲ၍နေသလော. . .။

## လောင်စာသိမ်း၍ မီးငြိမ်းတာ

လောင်စာသိမ်း၍ မီးငြိမ်းတာ ရည်မှန်းပြီးသကာလ လှူဒါန်းပါ၏...(မှန်ပါ့ဘုရား)၊ လောင်စာသိမ်း၍ မီးငြိမ်းတာကို ရည်မှန်းပြီးသကာလ...(လှူဒါန်းပါတယ်ဘုရား)။

ဆယ့်တစ်မီးက ဘာတုံး...(မီးပါဘုရား)၊ မီးခန္ဓာကြီးက ...(လောင်စာပါဘုရား)၊ ဟို...တချို့များ လောင်ထားလိုက်တာ ဒကာ ဒကာမတို့၊ မျက်ရည်တွေများ တုပ်ခနဲကျတယ်။ ဆံပင်တွေများ ဖွေးခနဲ ဖြူတယ်...(မှန်လှပါဘုရား)။

## မီးလောင်မှုက ပြင်းလွန်းလို့

မျက်လုံးတွေများ ရွဲခနဲသွားတယ်၊ ချက်ချင်းလောင်တာ ချက်ချင်းလောင်တာ...(မှန်လှပါဘုရား)၊ ဘာဖြစ်သတုံးလို့ ချက်ချင်းမေးယူရတယ်၊ မမေးရဘူးလား... (မေးရပါကယ်ဘုရား)။

ဘာဖြစ်လို့မေးရတုံးဆိုတော့ မီးလောင်မှုက ပြင်းလွန်းလို့… (မှန်ပါ)၊ သဘောကျပလား…(ကျပါပြီဘုရား)။

အဲဒါကြောင့် လောင်စာနဲ့ မီး အသိမ်းကြီး သိမ်းရာဖြစ်တဲ့ နိဗ္ဗာန်ဆိုတာ ဒါပါပဲ။ အဲဒါရည်မှန်းပြီးသကာလ ယနေ့တော့ စေတီတည်ထားဆွမ်းဆန်များ လှူဒါန်းပါ၏ … (မှန်လှပါဘုရား) ပြောင်းပစ်၊ ပြောင်းပစ်နော်။

မီးငြိမ်းချင်လို့ ဒကာကြွယ်ရ၊ ဘာမှလိုချင်တာမဟုတ် ဘူး၊ လောင်စာသိမ်း၍ မီးငြိမ်းချင်တာပဲ၊ ရှင်းကြပလား…(ရှင်းပါပြီဘုရား)၊ ကောင်းပြီ။

## သံသရာဘေးကိုပြပေးဦးမယ်

**သံသာရဘယံ**–ချားရဟတ်ပမာချာချာပတ်၍ တစ်ဖြစ်တည်းဖြစ်၍နေသော သံသရာဘေးကြီးကို၊ **ဘီတာ**–အဲလွန်တရာ မကြောက်ကြပါကုန်သည်ဖြစ်၍၊ သံသရာဘေးကို ပြပေးပါဦးမယ်၊ ဒကာ ဒကာမတို့ ကြောက်ရအောင်နော်။

ကြောက်ပြီဆိုမှလည်း အဖိုးတန်တယ်နော်…(မှန်လှပါဘုရား) ဟောဒီဘက်ကနေ ပဋိသန္ဓေနေတဲ့ဇာတိ၊ အဲဒီက ဇရာ၊ ဟောဒီက ဗျာဓိ၊ ဟောဒီက မရဏ၊ ဒကာ ဒကာမတွေနော်။

ဒီက ဇာတိကနေသွားလိုက်တော့ ဇာတိမီးလောင်ပြီး ဇရာမီး အလောင်ခံရတယ်၊ ဇရာမီးလောင်ပြီး၊ ဗျာဓိမီး

အလောင်ခံရတယ်၊ ဗျာဒိမ်းအလောင်ခံပြီးတော့...(မရဏမီး အလောင်ခံရပါတယ်ဘုရား)။

မရဏမီးအလောင်ခံရတော့ တစ်ခါဇာတိဘက်ပြန် ကူးတယ်...(မှန်လှပါဘုရား)၊ မကူးဘူးလား...(ကူးပါတယ် ဘုရား) ဇာတိပြီး ဇရာ၊ မရဏဘက်လှည့်မနေဘူးလား...(လှည့် နေပါတယ်ဘုရား)၊ ခင်ဗျားတို့က အစိုင်းပြေးဖြစ်နေတာပေါ့... (မှန်လှပါဘုရား)။

## အဝိုင်းပြေးဆိုတာ ထွက်ပေါက်မရှိ

အဝိုင်းပြေးဆိုတာ ထွက်ပေါက်ရှိရဲ့လား...(မရှိပါ ဘုရား) ထွက်ပေါက်၊ ဆင်းပေါက်မရှိသောကြောင့်၊ ဩော်... ဒါဖြင့် ဒုက္ခစက်သာလည်နေတာပဲဆိုတာ သေချာတယ်...(သေချာ ပါတယ်ဘုရား)။

အဲဒီဒုက္ခစက်ရဟတ်ကြီးမှလည်ခြင်းကို ရပ်ခြင်းကို အလို ရှိတဲ့အတွက် တပည့်တော်တို့သည် ဤစေတီတည်ထား၊ ဤဆန်တွေလှူဒါန်းပါ၏ ဒီဒုက္ခစက်ကြီး သူရပ်ချင်လို့ လှူတာ ...(မှန်ပါ့ဘုရား)၊ သဘောကျပလား...(ကျပါပြီ)။

## ဒုက္ခစက်ကြီး အလျှုရှင်လည်နေတာ

ဒုက္ခစက်ကြီး သူများလည်နေတာလား၊ အလှူရှင်လည်နေ

တာလား...(အလှူရှင်လည်နေတာပါဘုရား)၊ အဲဒီဒုက္ခစက်ရဟတ် ကြီးမှ အပြီးသတ်ချင်လို့ ဤဘုရားတည်ထား ဤဆန်တွေလှူဒါန်း၊ ဤသံဃာတွေအား လှူဒါန်းပါ၏ဘုရား။

ဒုက္ခစက်ရပ်ချင်တာမှတစ်ပါး တပည့်တော်တို့ ဘာမှမရှိဘူး၊ ဒီလိုစိတ်ထားပြီး လှူရမယ်၊ ရှင်းကြပလား...ရှင်းပါပြီဘုရား။

## ရေစက်ချတရားတော်

**သံသာရဘယံ** - ချားရဟတ်ပမာ ချာချာပတ်လျက်ရွေ့ရှား၍နေသော သံသရာဘေးကြီးကို အတိဘီတာ - လွန်စွာကြောက်ကြပါကုန်သည်ဖြစ်၍၊ **တတော**-သံသရာဘေးမှ၊ **မုတ္တာ** - ကင်းလွတ်ရကုန်သည်၊ **ဟုတွာ**-ဖြစ်၍၊ **နိဗ္ဗာနံ**-နိဗ္ဗာန်ချမ်းသာမြတ်ကြီးကို **သစ္ဆိကရဏတ္ထာယ**-မကြာမတင်ဆောလျှင် ကူးမြောက်မျက်မှောက်ပြုရပါခြင်းအကျိုးငှာ၊ ဉာဏစက္ခုနာ-ဉာဏ်ပညာစက္ခုဖြင့်၊ **ဝဝေသန္တော**-ရှာမှီးသည်ရှိသော်၊ ဘုရားက ဉာဏ်နဲ့ရှာတာ...(မှန်လှပါဘုရား)၊ **ဘိက္ခုဝေ**-သံသရာဘေးတွေးဆရှုမျှော်လေ့ရှိကြကုန်သော သူတော်ကောင်းအပေါင်းတို့၊ **ပုညံ**-ကောင်းမှု ကုသိုလ်ဟူသမျှသည်၊ **သုခံ**-လူနတ်နိဗ္ဗာန်သုံးတန်သောချမ်းသာကြီးကို **ဓနေတိ**-ဖြစ်စေတတ်၏။

## မယူတတ်ရင် မဟုတ်တာရမယ်

ခင်ဗျားတို့ ပြုတဲ့ကုသိုလ်စေတနာတွေက လူချမ်းသာ၊ နတ်ချမ်းသာ၊ နိဗ္ဗာန်ချမ်းသာ သုံးမျိုးတော့ ပေးမှာပဲ...(မှန်ပါ့ဘုရား)၊ မယူတတ်ရင် အလကားမဟုတ်တာ ရမယ်၊ ယူတတ်ရင် ဟုတ်တာ ရမယ်..(မှန်လှပါဘုရား)။

မယူတတ်လို့ရှိရင် လူချမ်းသာ၊ နတ်ချမ်းသာ ယူရင် ဒုက္ခသစ္စာဖြစ်တယ်၊ နိဗ္ဗာန်ချမ်းသာယူရင် သုခသစ္စာဖြစ်မယ်၊ အဲဒီတော့ နိဗ္ဗာန်ချမ်းသာတစ်ခုကိုသာလျှင် ဘုရားက ရကောင်းတာကို ပြောပြသော်လည်း ကိုယ်ကရွေးတတ်ဦးမှ၊ သဘောကျပလား ... (ကျပါပြီ)။

## ချမ်းသာသုံးမျိုးတော့ ရမှာပဲ

ရတာကတော့ ချမ်းသာသုံးမျိုးတော့ ရမှာပဲ၊ သို့သော် ဒကာ ဒကာမတို့ ချမ်းသာသုံးမျိုးပင်ဖြစ်လင့်ကစား ချမ်းသာစစ်၊ ချမ်းသာလိမ် ချမ်းသာကောက်က နှစ်မျိုးရှိပါတယ်။

လူချမ်းသာ၊ နတ်ချမ်းသာက ဒုက္ခသစ္စာ၊ နိဗ္ဗာန်ချမ်းသာက သုခသစ္စာ၊ အဲဒီချမ်းသာတစ်ခုကိုသာ ရလို၍ တည်ထားကိုးကွယ်၊ လှူဒါန်းပါ၏၊ သဘောကျပလား...(ကျပါပြီဘုရား)။

## ရေစက်ချတရားတော်

သုခံ–လူနတ်–နိဗ္ဗာန် သုံးတန်သော ချမ်းသာမြတ်ကြီးကို ဇနေတိ၊ ဖြစ်စေတတ်၏။ **ဣတိ**–ဤသို့၊ **ဝုတ္တံ**–သုံးလူ့ဆရာ စောသတ္ထာသည် ကောင်းစွာ ဟောကြားအပ်သော စကားရပ်ကို **မနသိကတွာ**–နှလုံးနှစ်ချိုက် ပိုက်မိကြကုန်သည်ဖြစ်၍၊ **တိသရဏေန**–သရဏဂုံသုံးပါးနှင့် **သဟ**–တကွ၊ **ပဉ္စသီလာနိ** –အင်္ဂါငါးပါးနှင့် ပြည့်စုံသော ပရမတ္ထသီလတော်မြတ်ကြီးတို့ကို၊ **သမာဒိယိတွာ ဂဏှိတွာ** – ကောင်းစွာ ဆောက်တည်ပြီး၍၊ **ဣမာနိစေတိယာဒီနိ**–စေတီအစရှိသည်တို့ကို၊ သဗ္ဗသတ္တာနံ – အလုံးစုံသော ပုဂ္ဂိုလ်တို့အား (ဝါ)အလုံးစုံသော ပုဂ္ဂိုလ်တို့၏ **ပူဇေနတ္ထာယ**–ပူဇော်စေခြင်းအကျိုးငှာ၊ တိဋ္ဌေယျာမ–တည်ထားကိုးကွယ်ပါကုန်၏။

## အားလုံးကိုးကွယ်ဖို့

ဘုရားဆိုတာ ဘယ်သူ့လှူတာမဟုတ်ဘူး၊ အားလုံးကိုးကွယ်ဖို့ တည်ထားလိုက်တာမို့လား...(မှန်လှပါဘုရား)၊ ဘယ်လူမှ မပိုင်ဘူးနော်...(မှန်လှပါဘုရား)၊ အားလုံး ပူဇော်ပသဖို့ တည်ထားကိုးကွယ်လိုက်တာပဲ။

**အထာပရံ**–ထိုမှတစ်ပါး **ဣမာနိဒေယျဓမ္မဒါတဗ္ဗဝတ္ထူနိ**

ဘုရား၏ အခြံအရံဖြစ်တဲ့ ဒေယျဓမ္မ ဒါတဗ္ဗဝတ္ထုတို့ကို သံဃဿ –သံဃာတော်မြတ်အား။

အဲဒါကတော့ **သံဃီ**ကပဲဖြစ်သောကြောင့် **သံဃေဒိန္နံ မဟပ္ဖလံ**ဆိုတဲ့ အတိုင်း အကြီးဆုံးသော အလှူပဲလို့ ဦးချမ်းဒေါ်ခင်တို့က မှတ်ရမယ်...(မှန်လှပါဘုရား)။

## သံဃာလှူတဲ့ အလှူဟာ အမြတ်ဆုံး

အလှူတကာ့ အလှူထဲမှာ သံဃာလှူတဲ့ အလှူဟာ အမြတ်ဆုံးပဲ၊ ဘုရားအလှူကဲ့သို့ သံဃာ့အလှူက မြတ်တယ်...(မှန်လှပါဘုရား)၊ ဘာကြောင့်တုံးဆိုတော့ ဘုရားပါသွားလို့ မှတ်လိုက်...(မှန်ပါ့)၊ သံဃာထဲ ဘုရားကရောသွားပြီကော။ ဘုရားတင်ဆိုတော့ သီးသန့်ဖြစ်နေတယ်...(မှန်လှပါဘုရား)။ သံဃာယူလိုက်တော့ ဘုရားပါသွားတယ်။

အဲဒီတော့ ခုနက ကော်ဖီတွေကပ်၊ သီလရှင်တွေ အားလုံးသူတို့လည်းပါနေတော့၊ **သံဃေ ဒိန္နံ မဟပ္ဖလံ**–ဆိုတဲ့ အတိုင်း ပိုမိုပြီး နိဗ္ဗာန်အကျိုးနီးတော့တယ်...(မှန်လှပါဘုရား) ရောက်အောင်ကြိုးစားရင် မြန်မြန်အားပေးမယ်ဆိုတာ သေသေချာချာမှတ်ပါ...(မှန်လှပါဘုရား)။

## ရေစက်ချတရားတော်

**ဘန္တေ**–အရှင်ဘုရား **မယံ**–အကျွန်ုပ်တို့သည်၊ **ဣမိနာ ဒါနပုညေန**–ဤသို့ပေးလှူရသော ကုသိုလ်ကံ စေတနာတို့ကြောင့် လည်းကောင်း **ဣမိနာသီလပုညေန** – ဤသို့ဆောက်တည် ရသော သီလကုသိုလ်ကံစေတနာကြောင့်လည်းကောင်း၊ **အညေတိ** – တစ်ပါးကုန်သော၊ **ပုညေဟိစ** – အနမတဂ္ဂသံသရာ ကစ၍ ယခုတဝပြုလုပ်ခဲ့ရသော ကုသိုလ်ကံ စေတနာတို့ကြောင့်လည်းကောင်း၊ **မယံ**–တပည့်တော် တပည့်တော်မတို့သည်၊ **အဇာတိ** – ပဋိသန္ဓေ ဆိုတာ မြူမှမသန်းဘဲ၊ ဇာတိအစရှိသည်တို့ ကင်းရာဖြစ်သော၊ ဒုက္ခသစ္စာ၏ ငြိမ်းရာဖြစ်သော အဇာတိဆိုတဲ့ နိဗ္ဗာန်ကိုသာ။ ဥဒ္ဒိဿ၊ ရည်မှန်း၍၊ ဒေဒမ၊ လှူဒါန်းပါကုန်၏၊ အရှင်ဘုရား။

**ဘန္တေ**–အရှင်ဘုရား၊ **ဣမဿပုညကမ္မဿ**–ဤကောင်းမှုကံ၏၊ **ဘာဂံ** – အဖို့ကို၊ **ဂုဏဝိသိဋ္ဌတရာနံ**–ဂုဏ်ကျေးဇူးအားဖြင့် အထူးကြီးမားလှကုန်သော၊ **မာတာပိတုနဉ္စ**–မိခင်ဘခင်တို့အား လည်းကောင်း၊ **ဣမာသံပရိသာနဉ္စ** – ယခုစည်းဝေးရောက်လာ ကြကုန်သော ပရိသတ်တို့အားလည်းကောင်း၊ **ကောတိသောဘဝေ**– သုံးဆယ့်တစ်ဘုံ၌၊ **စရန္တာနံ**–ကျင်လည်ပြေးသွား၍ နေကြကုန် သော၊ သဗ္ဗသတ္တာနဉ္စ–အလုံးစုံသော သတ္တဝါအပေါင်းတို့အားလည်း ကောင်း၊ ဘာဇေမ–ရေစက်သွန်းချအမျှပေးဝေပါကုန်၏။

ဆိုတော့ တဝက်ပေးလိုက်တယ်၊ နှစ်ထောင်ကုန်ရင်

တစ်ထောင်သူတို့ပေးလိုက်တာပေါ့၊ ပေးလိုက်ခြင်းကြောင့် သူတို့ လျှော့သလားမေးတော့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက မလျှော့ပါဘူး။

မီးတစ်တိုင်ထွန်းတယ်တဲ့၊ သူများကလာပြီး ဒီမီးလေး လာညှိတော့ မီးတိုင်မီးလျော့သေးသလား...(မလျော့ပါဘူး ဘုရား)။ ပေးသာပေးတယ် မလျှော့ဘူးတဲ့၊ ငါတစ်ဝက်သာ ကျန်တော့တယ်လို့ ဦးချမ်း၊ ဒေါ်ခန့်တို့က မှတ်မနေနဲ့၊ ပွားပြီး တိုးလာတယ်၊ သဘောကျပလား...(ကျပါတယ်ဘုရား)။

**ဘာဇေယျာမ** - ရေစက်သွန်းချအမျှပေးဝေပါကုန်၏၊ **တေသတ္တာ**-ထိုသတ္တဝါအပေါင်းတို့သည်၊ **အမေဟိ**-အကျွန်ုပ် တို့နှင့်၊ **သမံ**-ထပ်တူထပ်မျှ၊ **ပုညဘာဂံ**-ကုသိုလ်အစုကောင်းမှု အဖို့ကို၊ **လဘိတွာ**-အမျှရကြကုန်သည်ဖြစ်၍၊ **သုခိတာ**-ကိုယ်စိတ် နှစ်ဖြာ ချမ်းချမ်းသာသာရှိကြကုန်သည်။ **မုဒိတာ**-ပီတိမောက် လွှမ်း၍၊ ဝမ်းမြောက်သော စိတ်ရှိကြကုန်သည်၊ **ဘဝန္တု** - ဖြစ်ကြပါစေကုန်သတည်း။

**အမျှ အမျှ အမျှ ယူတော်မူကြပါခင်ဗျား**

**သာဓု... သာဓု... သာဓု**

**ယနေ့ ဒီတွင် တော်ကြဦးစို့။**

❖ ❖ ❖